The junta's Ministry of Foreign Affairs said on Feb. 20 that it is readying the return of "displaced persons from Rakhine state." The announcement notably avoided both the use of the term "Rohingya," a mostly Muslim ethnicity that the military says does not exist in Myanmar, and the term "Bengali," which the junta favors and implies the group is originally from Bangladesh.

The junta statement also called for a meeting with the secretary-general of the Association of Southeast Asian Nations (ASEAN), saying that after agreeing to the bloc's initial recommendations on the re-admission of displaced persons in Rakhine state, assistance is needed to implement them.

Rohingya refugees and activists in Bangladesh told RFA's Myanmar Service on Thursday that they have no confidence the junta will act on the recommendations and said they need assurances their rights will be protected before they return.

Ali Jenner, a Rohingya refugee from the Baluhali refugee camp in Bangladesh's Cox's Bazar district, said he and others in the camp "have no trust in the junta at all."

"If the Rohingya people can get equal citizenship, security rights, equal rights and all our original rights as other citizens there, then we can agree to go back," he said.

The West African nation of Gambia filed a case at the ICJ in November 2019 accusing Myanmar of violating the 1948 Genocide Convention during the alleged expulsion of hundreds of thousands of Rohingya amid a brutal crackdown in 2017.

The ICJ, which is the judicial arm of the United Nations, began hearings on Feb. 21, the day after the junta statement on returning refugees, to determine whether it has jurisdiction to examine claims that atrocities committed by the Myanmar military against the Rohingya constituted a genocide.

The hearings are scheduled to last until Feb. 28 and will include arguments presented by representatives of Myanmar and Gambia

The junta's defense lawyers — Christopher Staker and Stefan Talmon — have argued that Gambia submitted its case on behalf of the Organization of Islamic Cooperation and that the ICJ has no jurisdiction because the OIC is not a country. They also argue that Gambia is not an aggrieved country and has no right to sue Myanmar.

Gambia defended its right to sue Myanmar in an appeal issued on Feb. 23. Gambian Attorney General Dawda Jallow says the case was not only brought to the ICJ to protect the rights of the Rohingya, but to uphold Gambia's rights as a signatory to the U.N. Convention on Genocide.



The International Court of Justice hears proceedings in a trial on charges of genocide against Myanmar in The Hague, Netherlands, Dec. 10, 2019. Reuters

**Response to pressure**

Rohingya living in refugee camps in southeastern Bangladesh have said they are hopeful that the ICJ can bring justice for the Myanmar military's rights violations against the ethnic minority group.

But others are wary of how the case may influence the junta in the near term.

Khin Maung, the founder of the activist group Rohingya Youth Union, who lives in Thinkhali Refugee Camp No. 13 in Bangladesh, said he cannot trust a junta statement he believes was issued as a response to international pressure.

"We welcome the fact that they want to call us home. But did they create necessary conditions for us to return to Rakhine state? That's what we should be thinking about," he said.

"[Junta chief Snr. Gen. Min Aung Hlaing] is trying to use us for his advantage. He is doing this because of international pressure and not because of goodwill. We are ready to go back, no matter who makes the decision to call us back, but it is impossible to return unless our requirements are met."

Khin Maung said it is "impossible" for Rohingyas to return home without guarantees of citizenship or security and freedom of movement in the areas where they had previously lived. Discussions about a repatriation should first be held with the Rohingyas themselves, he said.

**'Crimes on a nationwide scale'**

However, junta Deputy Information Minister Zaw Min Tun told RFA that the plan to repatriate the Rohingya was created long prior to the ICJ hearings and was not part of a bid to placate the international community.

He said the Rohingya had previously said they would accept the offer to return to Rakhine state, but that Bangladesh had refused to let them leave.

"We have been saying all along that we will accept and let them live as before. Accommodations were prepared," he said.

"It's just that they didn't come back even after we made three or four offers. The other side did not release them … They are working on it with a political agenda."

Rohingya activist Nay San Lwin told RFA that members of her ethnic group cannot expect that their rights will be respected by the junta when "the military is currently committing crimes against humanity on a nationwide scale."

In the year since Myanmar's military seized power from the country's democratically elected government in a Feb. 1, 2021, coup, security forces have killed nearly 1,580 people across the country.

"Even if the Rohingya return, it will probably be just a handful," Nay San Lwin said. "Most of them have said that they will return only if they can live in peace with the full basic rights they deserve."

***Reported by RFA's Myanmar Service. Translated by Khin Maung Nyane. Written in English by Joshua Lipes.***

https://www.rfa.org/english/news/myanmar/reject-02242022180501.html

----------------------------------------------------------------------------------------------------

## တပ်ပိုင်မြေများကို ပြန်လည်သိမ်းယူမည်ဟု NUG ကြေညာ

Published By DVB | 24 February, 2022

စစ်ရေးနဲ့ လုံခြုံရေး ရည်မှန်းချက်တွေနဲ့ ကိုက်ညီခြင်းမရှိဘဲ အကြမ်းဖက် စစ်ခေါင်းဆောင်တွေ၊ စစ်တပ်အကြီးအကဲတွေနဲ့ ထိပ်တန်းအရာရှိတွေရဲ့ အကျိုးစီးပွား အလို့ငှာအသုံးပြုတာ စိစစ်တွေ့ရှိရရင်တော့ တပ်ပိုင်မြေတွေကို ပြန်လည်သိမ်းယူမယ်လို့ အမျိုးသားညီညွတ်ရေး အစိုးရ NUG ကကြေညာပါတယ်။

မြန်မာနိုင်ငံတဝန်း  စစ်ကောင်စီတပ်က ပြည်သူလူထုတွေဆီကနေ အဓမ္မ သိမ်းယူထားခဲ့တဲ့  တပ်ပိုင်မြေဆိုင်ရာ အခြေခံမူတွေကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ဖေဖော်ဝါရီ ၂၄ ရက် ဒီကနေ့ ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။

NUG အနေနဲ့ အနာဂတ်ဖက်ဒရယ်တပ်မတော်အတွက် မဖြစ်မနေလိုအပ်တဲ့ မြေမှအပ၊ အကြမ်းဖက်စစ်ကောင်စီရဲ့ အကျိုးစီးပွားအလို့ငှာ သိမ်းယူထားတဲ့ တပ်ပိုင်မြေတွေကို ဖက် ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း(၂)၊ အခန်း(၄)၊ ကြားကာလအမျိုးသားညီညွတ် ရေးအစိုးရရဲ့ လုပ်ငန်းတာဝန်များ အပိုဒ် (၂၅)၊ အပိုဒ်ခွဲ (က) အရ ပြည်သူလူထု အကျိုးစီး ပွားအတွက် ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ဖို့နဲ့ ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုရှိစေဖို့ ဒီမူတွေကို ချမှတ်လိုက်တာလို့ ဆိုပါတယ်။

ဒီအခြေခံမူအရ တပ်ပိုင်မြေဆိုတာကတော့ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်တွေ နေထိုင် လေ့ကျင့် တပ်နေရာချထားတာ၊ လက်နက်ခဲယမ်းတွေ သိုလှောင်ထုတ်လုပ်မှုတွေပြုလုပ်တဲ့ နေရာတွေအပါအဝင် အကြမ်းဖက်စစ်တပ်အကြီးအကဲတွေ ထိပ်တန်းအရာရှိတွေရဲ့ ကိုယ်ကျိုးစီးပွားအတွက် တနည်းနည်းနဲ့ ရယူထားတဲ့ နေရာတွေကို ဆိုလိုတာဖြစ်ပြီး အဲ ဒီအချက်ထဲမှာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ အဖွဲ့အစည်းတွေ ပိုင်ဆိုင်တဲ့ မြေ တွေလည်း အကျုံးဝင်တယ်လို့ ဆိုပါတယ်။

တပ်ပိုင်မြေတွေ ထားရှိရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ စစ်ရေးနဲ့ လုံခြုံရေးရည်မှန်း ချက်တွေကို ဖော်ဆောင်နိုင်ရေးအတွက်သာ ဖြစ်စေရမှာဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

NUG က တပ်ပိုင်မြေတွေရဲ့ စစ်ရေးလိုအပ်ချက်နဲ့ ရည်မှန်းချက်များဆိုင်ရာ ကိုက်ညီမှု၊ အများ ပြည်သူလူထုရဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုနဲ့ လုံခြုံမှု၊ တပ်ပိုင်မြေတွေကို အကြမ်းဖက် စစ်ကောင်စီရဲ့ အကျိုးစီးပွားအလို့ငှာ သုံးစွဲခြင်းကနေ အကာအကွယ်ပေးနိုင်မှုစတဲ့ အချက် တွေပေါ်မူတည်ပြီးတော့ စိစစ်ရမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

တကယ်လို့ စစ်ရေးနဲ့ လုံခြုံရေး ရည်မှန်းချက်တွေနဲ့ ကိုက်ညီခြင်းမရှိဘဲ အကြမ်းဖက် စစ်ကောင်စီရဲ့ အကျိုးစီးပွား အလို့ငှာအသုံးပြုတာ၊ အကြမ်းဖက်စစ်တပ်အကြီးအကဲတွေနဲ့ ထိပ်တန်းအရာရှိတွေရဲ့

အကျိုးစီးပွား ဖော်ဆောင်ရေး အရင်းအမြစ်တွေအဖြစ် အသုံးပြု ထားတာတွေ စိစစ်တွေ့ရှိရရင်တော့ NUG က တပ်ပိုင်မြေတွေကို ပြန်လည်သိမ်းယူခြင်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ပြန်လည်သိမ်းယူထားတဲ့ တပ်ပိုင်မြေတွေကို အသုံးပြုတဲ့ အပိုင်းမှာတော့ NUG အစိုးရအဖွဲ့ အစည်းအဝေးအတည်ပြုချက်နဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက သိမ်းယူထားတဲ့ တပ်ပိုင်မြေတွေကို လေလံတင်ရောင်းချတာ၊ အများပြည်သူ အကျိုးစီးပွားအလို့ငှာ Infrastructure Development စီမံကိန်းတွေ အကောင်အထည်ဖော်ဆောင် တာတွေ ပြုလုပ်ရမှာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/518853

----------------------------------------------------------------------------------------------------

## ပေါက်မြို့နယ် ရေပြာရဲစခန်းကို PDF ၃ ဖွဲ့က ဝင်ရောက်စီးနင်း၊ စခန်းမှူးအပါအဝင် ၅ ဦးသေဆုံး

Published By DVB | 24 February, 2022



မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေပြာရဲစခန်းကို ဖေဖော်ဝါရီ ၂၃ ရက်နေ့ ညနေပိုင်းမှာ ဒေသကာကွယ်ရေး ညီနောင်မဟာမိတ် PDF ၃ ဖွဲ့ က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ စခန်းမှူးအပါဝင် ၅ ယောက်သေဆုံးခဲ့တယ်လို မြိုင် PDF တပ်ဖွဲ့က ပြောပါတယ်။

ပေါက်မြို့နယ် ရေပြာရဲစခန်းကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄နာရီလောက်မှာ မြိုင်PDF၊ ပေါက်PDF နဲ့ ရေစကြို PDF တို့ပူးပေါင်းပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ ၄၅ မိနစ်လောက် တိုက်ပွဲ ဖြစ်ပွားခဲ့တယ်လို့ မြိုင် PDF ရဲ့ ပြန်ကြားရေးတာဝန်ခံက ဒီဗွီဘီကို ပြောပါတယ်။

ဒေသကာကွယ်ရေးညီနောင်မဟာမိတ် ၃ ဖွဲ့ပေါင်းပြီး စခန်းသိမ်းဖို့ သွားတဲ့အချိန်မှာ ရေပြာရဲစခန်းမှူးက ကားနဲ့ထွက်လာလို့ စခန်းရှေ့တည့်တည့်မှာ ပစ်ခတ်တိုက်ခိုက်ရာ စခန်းမှူးနဲ့ရဲဘော်တစ်ယောက်ကားထဲမှာ သေဆုံးပြီး စခန်းအတွင်းထဲက ရဲ ၃ ယောက် စုစုပေါင်း ၅ ယောက်သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။

“သူတို့ဘက်ကလည်း ပြန်လည်ပစ်ခတ်တာကြောင့် ရေစကြို PDF က ရဲဘော် ၂ ယောက်ဒဏ်ရာရရှိကာ ဒဏ်ရာအခြေနေကတော့ မစိုးရိမ်ရဘူး။ သွားတုန်းကတော့ စခန်းသိမ်းဖို့သွားခဲ့တာ ကျနော်တို့ဘက်က ရဲဘော် ၂ ယောက်ထိခိုက်သွားတာရယ်၊ ပေါက်ကနေ စစ်ကူကားတစ်စီးထွက်လာတာရယ်ကြောင့် စခန်းကိုတော့ မရခဲ့ဘူး။ ဒါပေမယ့် စခန်းရှေ့နဲ့ စခန်းအုပ်နံရံခြံစည်းရိုးနားထိ ချဉ်းကပ်တိုက်ခိုက်ခဲ့ပြီး ပြန်လည်ဆုတ်ခွာခဲ့ကြတယ်။”

မကွေးတိုင်းအတွင်းမှာ ယခင်ကလည်း ရေစကြိုမြို့နယ် ပခန်းငယ်ရဲစခန်းနဲ့ မြိုင်မြို့နယ် လင်းကတောရဲစခန်းတွေကို ဒေသကာကွယ်ရေးညီနောင်မဟာမိတ်တွေ ပူးပေါင်းပြီး စခန်းသိမ်းတိုက်ပွဲ ပြုလုပ်နိုင်ခဲ့တယ်လို့ သိရပါတယ်။

ရေပြာရဲစခန်းမှူးအပါအဝင် ၅ ယောက် သေဆုံးခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး ဒီဗွီဘီက သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီဘက်ကလည်း သတင်းထုတ်ပြန်ထားတာ မတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/518703

----------------------------------------------------------------------------------------------------

## ချောင်းဦးမြို့နယ်တိုက်ပွဲ CDM ကျောင်းဆရာ အပါအဝင် သုံးဦး သေဆုံး

2022.02.24



ချောင်းဦးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေကို ၂၀၂၁ ဒီဇင်ဘာ ၂၅ ရက်နေ့က တွေ့ရစဉ် Photo: Chaung Oo PDF

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ် ကံကြီးကုန်းရွာဘက်မှာ ဖေဖော်ဝါရီလ ၂၃ ရက် မနေ့က စစ် ကောင်စီတပ်နဲ့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တို့ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲအတွင်း ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဘက်က CDM ကျောင်းဆရာတစ်ယောက် အပါအဝင် သုံးယောက် သေဆုံးခဲ့တယ်လို့ ချောင်းဦးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က မနေ့က ထုတ်ပြန်ပါတယ်။

သေဆုံးသူတွေဟာ တပ်ခွဲ(၂) တပ်ဖွဲ့မှူး ရဲဘော် ဒီမို၊ CDM ကျောင်းဆရာ ရဲဘော်ဇော်ဇော်အောင်နဲ့ ရဲဘော် ဟိန်းထက် တို့ ဖြစ်တယ်လို့ ဆိုပါတယ်။

မနေ့ကတိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်က ထိခိုက်သေဆုံးမှုတွေနဲ့ ပတ်သက်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြမထားပါဘူး။

တိုက်ပွဲတွေကြောင့် ချောင်းဦးမြို့နယ်အတွင်းက မုံရွာ-ချောင်းဦး-အမြင့်လမ်း၊ ချောင်းဦ-ပခုက္ကူ လမ်း၊ မုံရွာ-အမြင့်-တောကျောင်းကြီးလမ်း၊ ခင်မွန်-ကျီကုန်း-ရွှေဒါးကျလမ်းပိုင်းနဲ့ ချောင်းဦး-အမြင့်လမ်းပိုင်းတွေကို ဖေဖော်ဝါရီလ ၂၃ ရက် မနေ့ကစတင်ပြီး လမ်းအသုံးပြုခွင့်ကို ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့က တားမြစ်ထားပါတယ်။

https://www.rfa.org/burmese/news/chaungoo-pdf-falling-02242022023849.html

---------------------------------------------------------------------------------------------

## ကောလင်းမြို့နယ်မှာ အသတ်ခံထား ရတဲ့ ပြည်သူလေးဦး အလောင်းတွေ့

2022.02.24




စစ်ကိုင်းတိုင်း၊ ကောလင်းမြို့ မြေပုံကို တွေ့ရစဉ် Photo: Google Earth

စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ် တောင်ဖီရွာကုန်းမှာ သတ်ဖြတ်ခံထားရတဲ့ ပြည်သူ လေးဦးရဲ့ ရုပ်အလောင်းတွေကို ဖေဖော်ဝါရီ ၂၃ ရက် မနေ့က ဒေသခံတွေက တွေ့ရှိခဲ့ပါတယ်။

သတ်ဖြတ်ခံရသူတွေဟာ မင်းကုန်းရွာက CDM ပြုလုပ်ရင်းထွက်ပြေးလာတဲ့ အသက် ၂၂ အရွယ် မထက်နေခြည် မင်း၊ အသက် ၅၂ အရွယ် ဦးစန်းမင်း၊ အသက် ၄၉ နှစ်အရွယ် ဒေါ်ခင်စောနဲ့ အသက် ၂၇ နှစ်အရွယ် ကိုစောမင်းဦး တို့ဖြစ်တယ်လို့ ဒေသခံတစ်ဦးက RFA ကိုပြောပါတယ်။

**“CDM လုပ်တဲ့ တစ်ယောက်က ထွက်ပြေးလာပြီး လာပုန်းတယ်။ လာပုန်းတဲ့အခါမှာ စစ်ကြောင်းက ဖမ်းတာခံရတယ် ပေါ့နော်။ ကျန်တဲ့ သုံးယောက်က သူ့ကို လက်ခံထားရတဲ့သူတွေ ဖြစ်ဖို့များတယ်။ အလောင်းကို ၂၃ ရက်နေ့တွေ့တာ”**

သတ်ဖြတ်ခံရသူတွေဟာ နောက်ပြန်ကြိုးတုပ်ပြီး လည်ပင်းနဲ့ လက်တွေမှာ ဓားနဲ့ လှီးထားတဲ့ ဒဏ်ရာတွေ တွေ့ရတယ်လို့လည်း ပြောပါတယ်။

ဒီသတ်ဖြတ်မှုဟာ စစ်ကောင်စီတပ်သားတွေရဲ့ လက်ချက်လို့ ဒေသခံတွေအကြားမှာ ပြောဆိုနေကြပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူ ပြန်ကြားရေး ဒုဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းကို RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေပါတယ်။

ကောလင်းမြို့နယ်မှာ စစ်ကောင်စီတပ်ဘက်က စစ်ရေးလှုပ်ရှားမှုတွေကြောင့် တစ်ပတ်အတွင်း ေက်ာက္ျပင္သာ၊ အိမ္ျပင္ထ၊ မင္းကုန္း စတဲ့ ကျေးရွာတွေက ဒေသခံ ၇၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင် နေကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဖေဖော်ဝါရီ ၂၂ ရက်နေ့က မင်းကုန်းကျေးရွာဘက်ကို စစ်ကြောင်း ဝင်ရောက်ပြီးနောက် အဲဒီသတ်ဖြတ်ခံထားရတဲ့ ရုပ်အလောင်း လေးလောင်းကို တွေ့ရှိရတာလို့လည်းဆိုပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၁ ရက်နေ့ကလည်း ကုက္ကိုကုန်း ကျေးရွာကို စစ်ကြောင်း ဝင်ပြီးနောက် ဆေးရုံနဲ့ ဆေးပစ္စည်းတွေ ဖျက်ဆီးခံခဲ့ရတယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/kawlin-4-dead-body-02242022013147.html

---------------------------------------------------------------------------------------------------------

## မြောင်မြို့နယ်၌ စစ်ကောင်စီတပ်က PDF တံဆိပ်တပ်ဝတ်စုံဝတ် ပုံမှားရိုက်ပြီး ကင်းစောင့်နေ

Published By DVB | 24 February, 2022

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်မှာ စစ်ကောင်စီက တပ်သားအင်အား ၅၀၀ နီးပါး ကင်းချထားပြီး မြောင် PDF တံဆိပ်တွေ ဝတ်စုံတွေကိုအသုံးပြုကာ ပြည်သူတွေအထင်လွဲမှား အောင် လုပ်ဆောင်နေတယ်လို့ ဒေသခံ PDF တာဝန်ရှိသူတွေက ပြောပါတယ်။

မြင်းမူ-မြောင်-ချောင်းဦး လမ်းတစ်လျှောက်မှာ စစ်သားအင်အား ၂၀၀ လောက်  နေရာစိပ်စိပ် ၅ ယောက်တစ်စုစီ နေရာချထားတယ်လို့ မြောင်မြို့နယ်ပြည်သူ့ကာကွယ်ရေးတပ် CDSOM ခေါင်းဆောင် ကိုမင်းခေါင်က ပြောပါတယ်။

ချောင်းဦး-မုံရွာလမ်းတစ်လျှောက်မှာလည်း အလားတူ တပ်သားအင်အားအများအပြား ကင်းချထားပြီး နှစ်ဖက်စောင့်ကြည့်နေကာ အခြေအနေ တင်းမာနေတယ်လို့ ဆိုပါတယ်။

မြောင်မြို့ပေါ်မှာတော့ မြောင် CDSOM က ထုတ်လုပ်ဖြန့်ဝေထားမဟုတ်တဲ့ CDSOM လိုဂိုတံဆိပ်ပါ ဦးထုပ်တွေ၊ အင်္ကျီတွေ ဝတ်ဆင်ပြီး ပြည်သူတွေအထင်မှားအောင် ပြောဆိုပြုတာမျိုးတွေလည်းရှိနေတယ်လို့ ကိုမင်းခေါင်က ပြောပါတယ်။

စစ်ကောင်စီအနေနဲ့ ကိုယ့်ကိုယ်ကိုယ် တရားဝင်စစ်တပ်အဖြစ်ယုံကြည်တယ်ဆိုရင် ယူနီဖောင်းဝတ်ပြီး ပေါ်ပေါ်တင်တင်တိုက်ဖို့ စိန်ခေါ်ချင်တယ်လို့  (မြောင် CDSOM)  ကိုမင်းခေါင်က ဆိုပါတယ်။

"မြို့ထဲမှာလည်း သူလိုလို ကိုယ်လိုလို အရပ်ဝတ်နဲ့ နေရာယူထားတယ်။ စစ်ရေးအရပြောရရင် သူတို့ကလည်း သူတို့ကြိုက်တဲ့ပုံစံ ဗျူဟာခင်းတဲ့သဘောပေ့ါ။ ကျနော်တို့ကလည်း မျက်ခြေမပြတ်ကြည့်နေတယ်ဗျ။ အနေအထားတွေကို စောင့်ကြည့်နေတယ်။ လတ်တလောမှာ သာမန်မိုင်းဆွဲတယ်။ ရှေ့ဆက်တိုးမလာအောင်ထိန်းတဲ့အနေအထားနဲ့ သွားနေတယ်။

ခလှုပ်ရှားနေတဲ့ပုံကသူတို့ကိုယ်သူတို့ စစ်တပ်ဆိုတာကို အယုံအကြည်မရှိတဲ့ပုံဗျ။ ဘာကြောင့်လဲဆို တရားဝင်ပါတယ်လို့ ယုံကြည်တယ်ဆိုရင် သူတို့အဝတ်အစားနဲ့သူတို့ထွက်ရမယ်လေ။ မိန်းမကျင့် မိန်းမညာဏ်ဆိုတာထက် ကူလီကူမာညာဏ်ပေါ့ဗျ။ တချို့မိန်းမတွေက ထက်မြက်တယ်ဗျ။ နှိုင်းလို့မရဘူး။ ကူလီကူမာညာဏ်လို့ပဲ ပြောရမယ်။ ကျနော်တို့ PDF တွေက ကိုယ့်ဝတ်စုံ ကိုယ်ဝတ်ပြီး တိုက်တာဗျ။ သတ္တိရှိတယ်ဆိုရင် ရဲရဲဝံ့ဝံ့လာတိုက်။ ပြည်သူကို မထိနဲ့။ တရားသောစစ်အတွက် ကျနော်တို့က  သတ္တိရှိရှိတိုက်ရဲတယ်။"

စစ်ကောင်စီက မြောင်မြို့နယ်အတွင်းမှာ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက် လူသတ် အိမ်မီးရှို့တာတွေအားလုံးကိုလည်း ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတွေနဲ့ သိမ်းဆည်းထားပြီး ကမ္ဘာကို တင်ပြသွားမယ်လို့ ကိုမင်းခေါင်က ပြောပါတယ်။

ပုလဲမြို့နယ် PDF ခေါင်းဆောင်ဗိုလ်နဂါးကလည်း အလားတူမှတ်တမ်းတွေကို စနစ်တကျသိမ်းဆည်းနေတယ်လို့ ဆိုပါတယ်။

စစ်ကိုင်းတိုင်းအတွင်း ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေဟာ တကယ့်အစစ်အမှန်တွေဖြစ်ပြီး စစ်ကောင်စီပြောသလို ပြည်သူက ကိုယ့်အိမ်ကိုယ်မီးရှို့စရာ ဘာအကြောင်းမှ မရှိဘူးလို့ ကနီဒေသခံတစ်ယောက်ကပြောပါတယ်။

စစ်ကိုင်းတိုင်းအတွင်းမှာ ကျေးရွာအသီးသီးက ဘုန်းတော်ကြီးတွေက ကောက်နှံသိမ်းချိန်မှာ အကြမ်းမဖက်ဖို့ စစ်ကောင်စီကို မေတ္တာရပ်ခံထားပေမယ့် စစ်ကောင်စီက အကြမ်းဖက်တာတွေ ဆက်လက်ကျူးလွန်နေတာပါ။

ဖေဖော်ဝါရီ ၂၁ ရက်က ရိုဟင်ဂျာတွေကိုလူမျိုးတုံး သတ်ဖြတ်မှုနဲ့ ပတ်သက်ပြီး နိုင်ငံတကာတရားရုံးမှာ ကြားနာမှုတွေပြန်လည်ပြုလုပ်နေပေမဲ့ နိုင်ငံတွင်း အကြမ်းဖက်မှုတွေကို စစ်ကောင်စီက ဆက်လက်ပြုလုပ်နေတာဖြစ်ပါတယ်။

မြောင်မြို့နယ်ဟာ ၂၀၂၁ ဒီဇင်ဘာ ၄ ရက်က မြို့နယ်တွင်း နယ်မြေစိုးမိုးနိုင်ပြီလို့ PDF တွေက ကြေညာချက်ထုတ်ပြန်ပြီးနောက်မှာ စစ်ကောင်စီရဲ့ ဖိအားပေးအကြမ်းဖက်တာကို ပိုမိုကြုံတွေ့နေ ရတဲ့ မြို့နယ်ဖြစ်ပါတယ်။

https://burmese.dvb.no/archives/518837

---------------------------------------------------------------------------------------------------

## PDF အယောင်ဆောင်ကာ ဒေသခံများကို ဖမ်းဆီးသတ်ဖြတ်ခဲ့သူ သုံးဦးကို MPDF ကဖမ်းဆီး

Published By DVB | 24 February, 2022




PDF အယောင်ဆောင်ပြီး ဒေသခံတွေကို ဖမ်းဆီးသတ်ဖြတ် ပစ္စည်းလုယက်သူ ၃ ဦးကို MPDF ဂန့်ဂေါ တပ်ဖွဲ့ကနေ စုံစမ်းဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့တယ်လို့ သိရပါတယ်။

မကွေးတိုင်း ဂန့်ဂေါမြို့နယ် မဲကျေးရွာမှာနေထိုင်တဲ့ လင်မယားနှစ်ယောက်ကို ဖမ်းဆီးပြီး ယောကျ်ားဖြစ်သူကို သတ်ဖြတ်ခဲ့ကာ အမျိုးသမီးဖြစ်သူကို ဖမ်းဆီးသွားပြီးတဲ့နောက် ဖမ်းခံရတဲ့ အမျိုးသမီးက ထွက်ပြေးလွတ်မြောက်သွားပြီး အခုလို ဖော်ထုတ်နိုင်ခဲ့တာပါ။

အဲဒီဖြစ်စဉ်နဲ့ပတ်သက်လို့ MPDF ဂန့်ဂေါက စုံစမ်းစစ်ဆေးခဲ့ပြီးတဲ့နောက် ကျူးလွန်သူတွေကို လိုက်လံဖမ်းဆီးခဲ့ရာမှာ နောက်ထပ် ခိုးမှုပေါင်း ၁၂ ခုကို သက်သေခံပစ္စည်းတွေနဲ့အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ ပြစ်မှုကျူးလွန်သူတွေဟာ PDF တွေကို အထင်မြင်လွဲမှားစေဖို့ရည်ရွယ်ပြီး ဂန့်ဂေါမြို့နယ် ကြံသာကျေးရွာက ပျူစောထီး ခေါင်းဆောင်တွေရဲ့ စေခိုင်းချက်အရ လုပ်ခဲ့ရတာလို့ ဝန်ခံထွက်ဆိုခဲ့ပါတယ်။

အခုဖြစ်စဉ်နဲ့ပတ်သက်လို့ MPDF ဂန့်ဂေါအဖွဲ့က ပြစ်မှုကျူးလွန်သူတွေကို အရေးယူနိုင်ဖို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတွေဆီကို လွှဲအပ်ခဲ့တယ်လို့လည်း MPDF ရဲ့ ထုတ်ပြန်ချက်မှာ ရေးသားဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/518778

---------------------------------------------------------------------------------------------------

## ကာမိုင်းဂိတ်အနီး စစ်ကောင်စီတပ်များကို KIA နှင့် PDF ပူးပေါင်းတိုက်ခိုက်

Published By DVB | 24 February, 2022

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့ မြစ်ကြီးနား-ဖားကန့်လမ်းပေါ် အချက်အချာကျတဲ့ ကာမိုင်းဂိတ်အနီးမှာ  စစ်ကောင်စီတပ်တွေကို KIA နဲ့ PDF ပူးပေါင်းပြီး ဖေဖော်ဝါရီ ၂၄ ရက် မနက် ၆ နာရီကျော်လောက်က သွားရောက် တိုက်ခိုက်ခဲ့တယ်လို့  ဒေသခံတွေထံက သိရပါတယ်။

ကားမိုင်ဂိတ်မှာရှိတဲ့ စစ်ကောင်စီတပ်တွေကို ကာမိုင်းဗျူဟာကုန်းကနေ စစ်ကူလာတဲ့ စစ်ကောင်စီတပ်တွေကို KIA နဲ့ PDF ပူးပေါင်းတိုက်ခိုက်ခဲ့တာဖြစ်ပြီး စစ်ကောင်စီဘက်က ထိခိုက်ကျဆုံးမှုများနိုင်တယ်လို့ ဒေသခံက ပါတယ်။

“တိုက်ပွဲကတော့ မိနစ် ၅၀ လောက်ကြာတယ်။ KIA တပ်မဟာ ၉ တပ်ရင်း ၄၄ နဲ့ PDF ပူးပေါင်းတိုက်တာလို့ သိရတယ်။ နေ့လယ် ၁၂ နာရီအထိတော့ ကာမိုင်းဂိတ်ပိတ်ထားလို့ ခရီးသွားတွေက လမ်းမှာ ပိတ်မိနေတာပေ့ါ”

တိုက်ပွဲကြောင့် ဂိတ်အနီးမှာ နေထိုင်တဲ့ မောင်ဦးဆိုသူ သေဆုံးခဲ့ပြီး သူရဲ့သား ၂ ယောက်လည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့တယ်လို့ သိရပါတယ်။

“သူက စစ်ကောင်စီ သတင်းပေးလို့လည်း ပြောကြတယ်။ သူ့သား ၂ ယောက်က တစ်ယောက် လက်မောင်း ကျည်ထိတယ်။ တစ်ယောက်က ဒူးခေါင်းထိထားတယ်”

ပစ်ခတ်တိုက်ခိုက်မှုပြီးတဲ့နောက်မှာ ဂိတ်စောင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၃ ယောက်ကို KIA က ဖမ်းဆီးသွားပြီး လက်နက်တချို့လည်း သိမ်းဆည်း ရမိခဲ့ပါတယ်။

ကာမိုင်းဂိတ်ဟာ စစ်ကောင်စီတပ်သားတွေ ထိန်းချုပ်ထားပြီး အစစ်အဆေးကြမ်းတဲ့ ဂိတ်ဖြစ်တယ်လို့လည်း သိရပါတယ်။

https://burmese.dvb.no/archives/518823

---------------------------------------------------------------------------------------------------

## ဒီးမော့ဆိုနှင့်မိုးဗြဲတွင် တိုက်ပွဲပြင်းထန်၊ လေယာဉ်ဖြင့် ဗုံးကြဲမှုကြောင့် ဒေသခံ ၂ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရာပြင်းထန်

Published By DVB | 24 February, 2022



ကရင်နီ(ကယား)ပြည်နယ် ဒီးမော့ဆိုမြို့နယ်မှာ ဖေဖော်ဝါရီ ၂၃ ရက်နေ့ ညနေပိုင်းက စစ်ကောင်စီရဲ့ တိုက်လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဒေါကမီးနဲ့ ဆီးလီဒုန်းကျေးရွာက ပြည်သူ ၂ ဦး သေဆုံးပြီး ၄ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါတယ်။

ဒ့ါအပြင် မနေ့က တနေကုန်နီးပါး စစ်ကောင်စီဘက်က အမြောက်လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒီးမော့ဆိုမြို့နယ် နန်းမယ်ခုံကျေးရွာက နေအိမ်တချို့ပေါ် ကျရောက်ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ပါတယ်။

ရှမ်း-ကယားနယ်စပ် မိုးဗြဲမြို့မှာ တိုက်ပွဲတွေ တဖန်ပြန်ပြင်းထန်ပြီးနောက် စစ်ကောင်စီဘက်က ကရင်နီ(ကယား) ပြည်နယ်ကို လေယာဉ်နဲ့ ရက်ဆက်တိုက်ခိုက်နေတာ ၇ ရက်ရှိနေပြီဖြစ်ပြီး တိုက်ပွဲမဖြစ်တဲ့ ဒေသတွေကိုပါ ဗုံးကြဲတိုက်ခိုက်နေတယ်လို့ ကရင်နီ free Burma ranger အဖွဲ့ဝင်တဦးက ပြောပါတယ်။

"လေယဉ်နဲ့လာပစ်တာ ဒီနေ့နဲ့ဆို ၇ ရက်ဆက်တိုက်ရှိနေပြီ။ အရင် ၆ ရက်က တိုက်ပွဲနေရာမှာ လာကြတယ်။ ဒီနေ့က တိုက်ပွဲဖြစ်တဲ့နေရာကော တိုက်ပွဲမဖြစ်တဲ့နေရာမှာပါ လာကြသွားတယ်။ နန်းမယ်ခုံအဝင်အိမ်တွေလည်း လေယာဉ်နဲ့ ဗုံးလာကြဲခံရလို့ အိမ် ၂ လုံး မီးစလောင်နေပြီ။ အိမ်အရမ်းကပ်နေတော့ မီးထပ်ကူးနိုင်သေးတယ်၊ ပြောစရာ စကားလုံးလည်း မရှိတော့ဘူး ကရင်နီပြည်အတွက် ဆုတောင်းပေးပါ။"

စစ်ကောင်စီတပ်ဖွဲ့နဲ့ ကရင်နီပူးပေါင်းတပ်တို့အကြား ဖေဖော်ဝါရီ ၂၃ ရက်နေ့က မိုးဗြဲနဲ့ ဒီးမော့ဆိုမြို့နယ်တွေမှာ တိုက်ပွဲဖြစ်ပွားခဲ့သလို ဒီကနေ့ မနက်အစောပိုင်းကတည်းက နှစ်ဖက်အကြား တိုက်ပွဲပြင်းထန်နေတယ်လို့ လွိုင်ကော် PDF က ထုတ်ပြန်ပါတယ်။

တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က လက်နက်ကြီး၊ သံချပ်ကာကား၊ ဒုန်းပစ်ကား၊ လေယာဗုံးကြဲတာတွေကို အရင်ကနဲ့မတူဘဲ အလွန်အကျွံ အသုံးပြုကာ ပစ်ခတ်နေတယ်လို့ ထုတ်ပြန်ထားပါတယ်။

စစ်ကောင်စီဘက်က အခုလို လက်နက်အင်အား အလွန်အကျွံအသုံးပြုနေတာဟာ သူတို့ရဲ့ ခြေလျင်တပ်တွေ လှုပ်ရှားလို့မရဘဲ ပြည်သူ့တပ်တွေရဲ့ ဝိုင်းဝန်းပိတ်ဆို့ ချေမှုန်းတာကြောင့် နေ့စဉ်ရက်ဆက် ရှေ့မတိုးနိုင်ဘဲ အကျအဆုံး များရတာကြောင့်လို့ လွိုင်ကော် PDF က ဆိုပါတယ်။

ဒ့ါအပြင် ဒီနေ့မနက်မှာလည်း စစ်ကောင်စီဘက်က မနက် ၅ နာရီလောက်ကတည်းက လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ၆ နာရီ ၄၀ မိနစ်မှာတော့ လေကြောင်းနဲ့ ဗုံးကြဲချသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒီးမော့ဆိုမြို့မှာ ပြီးခဲ့တဲ့ ၂၀၂၁ ခု မေလကတည်းက တိုက်ပွဲကြောင့် ဒီမော့ဆို အနောက်ခြမ်းက ကျေးရွာတခုမှာ သွားရောက်ခိုလှုံနေတဲ့နေတဲ့ ဒေသခံတဦးက "ကျမတို့ အခုနေတဲ့ စစ်ရှောင်စခန်းလည်း လေယာဉ်တွေနဲ့ လာဝဲနေပြီး လက်နက်ကြီးတွေလည်း အရမ်းနီးလာနေလို့ အခု ထပ်ပြောင်းရပြန်ပြီ။ အခုနေတဲ့နေရာလည်း ဘယ်နေ့ ဘာဖြစ်မလဲ မသိသေးဘူး" လို့ ပြောပါတယ်။

ရှမ်း-ကယား (ကရင်နီ) နယ်စပ်မိုးဗြဲမြို့မှာ ဖေဖော်ဝါရီ ၁၆ ရက်နေ့တည်းက တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသလို ထိစပ်နေတဲ့ ဒီးမော့ဆိုနဲ့ ဖယ်ခုံမြို့နယ်တွေကိုပါ စစ်မီးကူးဆက်ပြီး တိုက်ပွဲဖြစ်ပွားနေတဲ့အတွက် ဒေသခံတွေ ထပ်မံထွက်ပြေးနေရသလို စစ်ရှောင်ပြီးသားသူတွေလည်း နောက်ထပ်စစ်ရှောင်နေရတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

https://burmese.dvb.no/archives/518733

---------------------------------------------------------------------------------------------

## ကယားပြည်နယ်အခြေအနေ အရေးကြီးကာလ ရောက်ရှိနေဟု လွိုင်ကော် PDF ထုတ်ပြန်

Published By DVB | 24 February, 2022

အကြမ်းဖက်စစ်ကောင်စီတပ်တွေနဲ့ ဒေသခံပြည်သူ့ကာကွယ်ရေး တပ်တွေကြား တိုက်ပွဲတွေ ပြင်းထန်နေတဲ့ ကယားပြည်နယ်ရဲ့ အခြေအနေဟာ အင်မတန် အရေးကြီးတဲ့ကာလကို ရောက်ရှိနေပြီလို့ လွိုင်ကော် PDF က ထုတ်ပြန်လိုက်ပါတယ်။




ဒီအခြေအနေမှာ ဒေသခံကာကွယ်ရေးတပ်တွေအနေနဲ့ ဘယ်လိုနည်းနဲ့မှ အလျှော့ပေးမှာမဟုတ်ဘဲ စစ်ကောင်စီအကြမ်းဖက်တွေကို ရှိသမျှအင်အားအကုန်သုံးကာ တိုက်ခိုက်တွန်းလှန်မှာဖြစ်ပြီး နိုင်ငံတဝန်းမှ ပြည်သူတွေကလည်း မိမိတို့ပြည်နယ်ကို ငွေအား၊ လူအား၊ စိတ်ခွန်အား၊ ပစ္စည်းအား နည်းမျိုးစုံနဲ့ ဝိုင်းဝန်းပံ့ပိုးကူညီထောက်ပို့ပေးကြဖို့ တိုက်တွန်းထားပါတယ်။

ဒီကနေ့မှာလည်း မိုးဗြဲနယ်မှာ တိုက်ပွဲ ၉ ရက်မြောက်ဆက်လက်ဖြစ်ပွားနေပြီး မနေ့ကတော့ လွိုင်ကော် PDF အပါအဝင် ဒီးမော့ဆို၊ ဖယ်ခုံ၊ မိုးဗြဲ၊ အလယ်ပိုင်းတိုင်း အထူးစစ်ဆင်ရေးအဖွဲ့ စတဲ့ မဟာမိတ်အဖွဲ့ ၁၀ ဖွဲ့ ပူးပေါင်းကာ အကြမ်းဖက်စစ်ကောင်စီတပ်တွေကို တိုက်ခိုက်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ဝီတဲကူးကျေးရွာတဝိုက်မှာတော့ မနက်အချိန်ကစလို့ ညချိန်ထိ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဟာ လက်နက်ကြီး၊ သံချပ်ကာ ကား၊  ဒုန်းပစ်ကား၊  လေယာဉ်ပုံးကြဲတာတွေနဲ့ အလွန်အကျွံ တနေကုန် ပစ်ခတ်အသုံးပြု တိုက်ခိုက်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒါဟာ သူတို့ရဲ့ ခြေလျင်တပ်တွေ ဘယ်လိုမှ လှုပ်ရှားမရဘဲ ပြည်သူ့တပ်တွေရဲ့ ဝိုင်းဝန်း ပိတ်ဆို့ချေမှုန်းတာကို နေ့စဉ်ရက်ဆက် ခံနေရပြီး ရှေ့မတိုးနိုင်ပဲဖြစ်နေရတာကြောင့်လို့ ဆိုပါတယ်။ ဒါကြောင့် ခြေလျင်တပ်တွေကို အသုံးဝင်နိုင်ရေး၊ ရှေ့တိုးနိုင်ရေး အသဲအသန် ကြိုးပမ်းနေကြတာလို့ လွိုင်ကော် PDF က ပြောပါတယ်။

ဒ့ါအပြင် အကြမ်းဖက်စစ်တပ်ဟာ ဒေါကမီးရွာတွင်းရှိ လူနေအိမ်တွေပေါ်ကိုလည်း အကြောင်းမဲ့ အဆင်ခြင်မဲ့စွာ လေယာဉ်နဲ့ ပုံးကြဲပြီး ပြည်သူတွေကို ဒုက္ခပေး သုတ်သင်ခဲ့တယ်လို့ သိရပါတယ်။ တိုက်ပွဲနေရာနဲ့ အလှမ်းဝေးပြီး ဆိုင်ဖွင့်ကာ အရောင်းဝယ်လုပ်နေတဲ့ ရွာထဲကို ပုံးကြဲချခဲ့တာဖြစ်ပြီး အပြစ်မဲ့အရပ်သား ၂ ယောက် အသက်ဆုံးရှုံးရကာ တခြားအရပ်သားတွေလည်း ဒဏ်ရာ ရရှိခဲ့ကြပြီး နေအိမ် ၅ လုံးလောက် ထိခိုက်ပျက်စီးခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ဒေသခံကာကွယ်ရေးတပ်တွေဟာ အကြမ်းဖက်စစ်တပ်နဲ့ လက်နက်အင်အား အဆမတန် ကွာခြားပေမယ့် အကြမ်းဖက်စစ်တပ်ကို ဒီကနေ့အခြေနေထိ အစွမ်းကုန် တားဆီး ပိတ်ပင်ထားနိုင်နေဆဲဖြစ်တယ်လို့လည်း ဖော်ပြပါတယ်။

https://burmese.dvb.no/archives/518786

------------------------------------------------------------------------------------------

## ရှမ်းပြည်တောင်ပိုင်းတော်လှန်ရေးလူငယ်အဖွဲ့ (SSRY) မိုးဗြဲတိုက်ပွဲ၌ စတင်ပါဝင်တိုက်ခိုက်

Published By DVB | 24 February, 2022



ရှမ်းပြည်နယ်တောင်ပိုင်းက လူငယ်တွေနဲ့ဖွဲ့စည်းထားတဲ့ ရှမ်းပြည်တောင်ပိုင်း တော်လှန်ရေးလူငယ်အဖွဲ့ SSRY (Eagle Force)ဟာ ပွဲဦးထွက်တိုက်ပွဲအဖြစ် မိုးဗြဲတိုက်ပွဲမှာ ပါဝင်တိုက်ခိုက်နေတယ်လို့ အဖွဲ့တာဝန်ရှိသူကပြောပါတယ်။

သူတို့အဖွဲ့ဟာ ရှမ်းပြည်နယ်မှာရှိနေတဲ့လူငယ်တွေစုစည်းဖွဲ့စည်းထားတ ာဖြစ်ပေမဲ့ စစ်အာဏာရှင်အမြစ်ပြတ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေတဲ့ ဘယ်အဖွဲ့နဲ့မဆို ပူးပေါင်းတိုက်ခိုက်သွားမယ်လို့ဆိုပါတယ်။

SSRYဟာ မိုးဗြဲတိုက်ပွဲအတွင်း ဒေသခံကရင်နီပူးပေါင်းတပ်တွေနဲ့အတူ တိုက်ပွဲဝင်ခဲ့ပြီး တိုက်ပွဲအတွင်း ရဲဘော်တစ်ဦးလည်း ကျဆုံးထားပါတယ်။

ရှမ်းပြည်နယ်မှာရှိနေတဲ့လူငယ်တွေအနေနဲ့လည်း တော်လှန်ရေးမှာပါဝင်ချင်တယ်ဆိုရင် SSRYကို ချိတ်ဆက်နိုင်တယ်လို့ အဖွဲ့တာဝန်ရှိသူက ပြောပါတယ်။

SSRYအဖွဲ့ရဲ့စစ်သင်တန်းကိုတော့ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာမှာ စတင်ခဲ့တာဖြစ်ပြီး ပွဲဦးထွက်တိုက်ပွဲကိုတော့ ခုချိန်မှ စတင်တာဖြစ်ပါတယ်။

လက်ရှိမှာ SSRYအဖွဲ့ဟာ ရှမ်းပြည်နယ်နဲ့ ကရင်နီပြည်နယ်အစပ်မှာ အခြေပြုလှုပ်ရှားနေပါတယ်။

ရှမ်းပြည်နယ်နဲ့ ကရင်နီပြည်နယ်အစပ်မှာရှိတဲ့ မိုးဗြဲမှာဖေဖော်ဝါရီ ၂၃ ရက်နေ့အထိ သတင်းတပတ်ကျော် ဆက်တိုက် တိုက်ပွဲတွေပြင်းထန်နေပြီး  နှစ်ဖက် ထိခိုက်ကျဆုံးတာတွေ အများအပြားရှိနေပါတယ်။

https://burmese.dvb.no/archives/518727

-----------------------------------------------------------------------------------------------------------

## ပြည်သူများအနေဖြင့် ပစ္စည်းများ အဆင်သင့်ထုတ်ပိုးထားရန် မိုးဗြဲနှင့်ဖယ်ခုံ PDF ထုတ်ပြန်သတိပေး

By SHAN - February 24, 2022

သျှမ်းပြည်တောင်ပိုင်း ဖယ်ခုံနှင့် မိုးဗြဲနယ် အတွင်း စစ်ကောင်စီဘက်မှ ရမ်းသမ်းပစ်ခတ်နေပြီး တိုက်ပွဲပြင်းထန်လာနိုင်သည့်အတွက် ပြည်သူများ သယ်ယူထုတ်ပိုးနိုင်သည့် ပစ္စည်းများ အဆင်သင့် ထုတ်ပိုးထားရန် မိုးဗြဲနှင့်ဖယ်ခုံ PDF ထုတ်ပြန်ခဲ့သည်။



ဖယ်ခုံမြို့နယ်အတွင်းတွင် အာဏာသိမ်းစစ်ကောင်စီတို့၏ အကြမ်းဖက် ထိုးစစ်ဆင်မှုများ ရှိနေသည့်အပြင် စစ်ကောင်စီတပ်သားများ နေအိမ်ဖောက်ထွင်း ခိုးယူမှု မီးရှို့ဖျက်ဆီးမှု ရှိနေသည့်အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်နိုင်ရန် ရည်ရွယ်ကြောင်း ဖယ်ခုံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (Pekhon PDF) က သျှမ်းသံတော်ဆင့်ကို ပြောသည်။

“တိုက်ပွဲကတော့ အချိန်မရွေး ဖြစ်လာနိုင်တဲ့ အနေအထားပါ၊ အဲ့ကြောင့် စစ်တပ်က နီးကပ်လာတဲ့အခါမျိုးတွေမှာ သတိထားလို့ရအောင်လို့ပေါ့၊ အရေးကြီးပစ္စည်းတွေ ပြီးတော့ သယ်နိုင်သမျှ ပစ္စည်းတွေ အသင့်ထုတ်ပိုး ထားနိုင်အောင် ရည်ရွယ်ပါတယ်” ဟု (Pekhon PDF) က သျှမ်းသံတော်ဆင့်ကို ပြောသည်။

ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်အတွင်းတွင် စစ်ကောင်စီတပ်ဖွဲ့တို့၏ အကြောင်းမဲ့ ရမ်းသမ်းပစ်ခတ်ခြင်းနှင့် အကြမ်းဖက် ထိုးစစ်ဆင်နေမှုများကြောင့် ပြည်သူ့နေအိမ်များစွာ ထိခိုက်ပျက်စီးမှုများရှိသည့်အပြင် ရွာသား များလည်း လူသားဒိုင်းကာအဖြစ် ဖမ်းဆီးခံရခြင်းများရှိနေကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

“စစ်တပ်တွေက ထင်တိုင်းကြဲတာထက်ကို မကတော့ဘူး ရမ်းကားလွန်းရာကျနေပါတယ်၊ မနေ့ညပိုင်းအထိ မိုးဗြဲမှာ လက်နက်ကြီးနဲ့ လှမ်းထုနေတုန်း၊ အခုရက်ပိုင်းအတွင်း ကျနော်တို့နဲ့ စစ်တပ်တွေက ထိတွေ့တိုက်ပွဲရော ရင်ဆိုင်တိုက်ပွဲရော များတယ်၊ ဒီနယ်ဘက်မှာ ၄၂၂ တပ်က အကြမ်းဖက်လုပ်ရပ်တွေထက်ကို ပိုတယ်” ဟု ပြောသည်။

မိုးဗြဲမြို့နယ်အတွင်းမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းတပ်ဖွဲ့ကို အကြမ်းဖက်စစ်ကောင်စီတပ်မှ လေကြောင်းလိုင်းနှင့် နေ့စဉ်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ မိုးဗြဲအခြေစိုက် (ခမရ-၄၂၂)တပ်၊ လွိုင်ကော် အခြေစိုက် (ခလရ-၂၅၀)တပ် နှင့် ဒီးမော့ဆိုအခြေစိုက် (ခမရ-၄၂၇) တပ်တို့မှလည်း တာဝေးပစ်အမြောက် များအသုံးပြုကာ ပစ်ကူတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် စစ်ရေးပြင်းထန်နေသည့် အခြေအနေများရှိနေသည့် ပြည်သူများအနေဖြင့် သယ်ယူထုတ်ပိုးနိုင်သည့် ပစ္စည်းများ အဆင်သင့်ထုတ်ပိုးထားရန်နှင့် ထုတ်ပြန်ကြောင်း မိုးဗြဲ နှင့် ဖယ်ခုံ PDF က ဆိုသည်။

https://burmese.shannews.org/archives/27124

-----------------------------------------------------------------------------------------------

## ဖာပွန်ခရိုင်မှာ တိုက်ပွဲတွေအတွင်း ဒေသခံတချို့ ထိခိုက်သေဆုံး

24 ဖေဖော်ဝါရီ၊ 2022

ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်းမှာ KNU တပ်မဟာ(၅)နဲ့ စစ်ကောင်စီတပ်တွေ နှစ်ဖက်တိုက်ပွဲတွေ နေ့စဉ်နီးပါးရှိနေပြီး ဖေဖော်ဝါရီလ၂၃ရက်နေ့မှာတော့ ဖာပွန်မြို့ပေါ်က လူနေရပ်ကွက်ကို လက်နက်ကြီး ကျရောက်တာကြောင့် အရပ်သားတဦး သေဆုံးပြီး တချို့ဒဏ်ရာရမှုတွေရှိနေပါတယ်။ ဒီသတင်းကိုဗွီအိုအေသတင်းထောက် မအေးအေးမာ ကသတင်းပေးပို့ထားပါတယ် ။

ကရင်ပြည်နယ် ကေအန်ယူ တပ်မဟာ(၅)ထိမ်းချုပ်ရာ ဖာပွန်ခရိုင်အတွင်းမှာတော့ စစ်ကောင်စီတပ်တွေနဲ့ KNU တပ်မဟာ(၅)တို့ဟာ နေ့စဉ်နီးပါးတိုက်ပွဲတွေဖြစ်နေပါတယ်။ ဒီအတွက်ဖာပွန်မြို့ပေါ်က ဒေသခံတွေလည်း ဘေးလွတ်ရာကို ထွက်ပြေးနေကြရလို့ ဖေဖော်ဝါရီလ ၂၃ရက်နေ့မှာတော့ မကာဟဲရပ်ကွက်က အိမ်ပေါ်ကိုလက်နက်ကြီးတွေ ကျတဲ့အတွက် ဒေသခံတဦးသေဆုံးခဲ့ရသလို တခြားဒေသခံတွေလည်း ဒဏ်ရရခဲ့ကြောင်းဖာပွန်မြို့ ခံတဦးကပြောပြပါတယ်။

"အသက်(၁၄)နှစ်အရွယ် ကောင်မလေးတယောက် လက်နက်ကြီးထိလို့ဆုံးသွားတာ ။မကာဟဲရပ်ကွက်မှာ ။ လက်နက်ကြီးနဲ့ အိမ်ကိုထိတာ အသက် ၁၄ နှစ်အရွယ်ကောင်မလေးရဲ့ခေါင်းကိုထိပြီး သေသွားတာ။ နေ့တိုင်းသေနတ်နဲ့ ကပစ်နေတာ တိုက်ပွဲမဖြစ်တာတောင်မှ ညညဆို သူတို့က ခြောက်ပြီးပစ်နေတဲ့အတွက် လူတွေလည်းအိပ်လို့မရဘူး။ အပြင်လည်းထွက်မရဲဘူး။ အခုက အိမ်ထဲမှာနေရင်းနဲ့ကို ထိသွားတာ။ တနေ့တနေ့လည်းလူ၁၀၀ကျော် ၂၀၀လောက်က ပြေးနေရတယ် ။ မကာဟဲရပ်ကွက်ကလူတွေလည်းထွက်ပြေးကုန်တယ်။ အိမ်တွေမှာလူနည်းနည်းပဲကျန်တော့တယ်။ အသက်ကြီးရွယ်အိုတွေလည်းထွက်ပြေးကုန်ပြီ"

KNU ထိမ်းချုပ်ရာ တပ်မဟာ(၅)ဖာပွန်ခရိုင်နဲ့ တပ်မဟာ ၃ခုလောက်မှာတော့ နေ့စဉ်တိုက်ပွဲရှိနေတဲ့အကြောင်း စစ်ကောင်စီဘက်က လေယာဉ်နဲ့ဗုံးကြဲတိုက်ခိုက်တာ လက်နက်ကြီးနဲ့ပစ်ခတ်တာတွေကြောင့်ဒေသခံတွေ မကြာခနထိခိုက်သေဆုံးမှုတွေရှိတယ်လို့ KNU ရဲ့နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဖဒိုစောတောနီး ကလည်းအခုလိုပြောပါတယ်။

" မကြာမကြာလည်းရွာသားတွေထိနေတယ် ။ ရွာကိုပစ်တဲ့နောက် သူတို့ပြေးနေတဲ့နေရာတွေလည်း ထိမှန်တာလည်းရှိတယ် ။ ကျနော်တို့ရဲ့မြေပြင်သတင်းအရကတော့ တိုက်ပွဲလေးတွေက တောက်လျှောက်နေတိုင်းဖြစ်နေတယ်။ တပ်မဟာ(၅)တို့ တပ်မဟာ(၃)တို့ တပ်မဟာ(၂)တို့ က ကြို့ကြားဖြစ်နေတယ် ။ တပ်မဟာ(၅)ကတော့နေတိုင်းဖြစ်နေတယ်"

ကရင်ပြည်နယ် ကော့ကရိတ်မြို့တောင်ဘက် ကမိုင်ကုန်းကျေးရွာအတွင်းကိုတော့ စစ်ကောင်စီတပ်ဖြစ်တဲ့ခလရ ၉၇ကနေ ေ လက်နက်ကြီးနဲ့ပစ်နေတဲ့အတွက် ပြီးခဲ့တဲ့သောကြာနေ့က ရွာသားတဦးသေဆုံးပြီး တဦးဒဏ်ရာရရှိခဲ့ပါတယ်။ ကောကရိတ်မြို့နယ် နဲ့ ဖာပွန်မြို့နယ်ထဲမှာတော့ စစ်ကောင်စီတပ်တွေနဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်တွေနေ့စဉ်နီးပါ တိုက်ပွဲဖြစ်နေသလို ထွက်ပြေးတိမ်းရှောင်ကြတဲ့ဒေသခံတွေ လက်နက်ကြီး ကျည်ဆံများထိမှန်ပြီး သေဆုံးမှုတွေလည်း မကြာခနရှိနေပါတယ်ရှင်။

https://burmese.voanews.com/a/knu-military-council/6455870.html

--------------------------------------------------------------------------------

## စစ်ကောင်စီက တိုင်းရင်းသား မျိုးနွယ်စု အချင်းချင်း တိုက်စေသည့် ဗျူဟာ သုံးဟု KIO ပြော

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်။



တိုင်းရင်းသား မျိုးနွယ်စု အချင်းချင်း တိုက်ခိုက်စေသည့် စစ်နည်းဗျူဟာများကို အုပ်ချုပ်သူ စစ်အာဏာရှင် အဆက်ဆက်က ကျင့်သုံးလာသည်မှာ ယနေ့အချိန်ထိ ဖြစ်သည်ဟု ကချင်လွတ်လပ်ရေးအဖွဲ့ KIO သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

ကချင်ပြည်နယ် မြောက်ဖျားပိုင်း၊ ပူတာအိုမြို့နယ်အတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် စစ်ကောင်စီသည် ဒေသအတွင်းရှိ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် ပူးပေါင်းတိုက်ခိုက်နေသည့်အပေါ် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

“အဲ့ဒီဘက်မှာတော့ ပြည်သူ့စစ်က တန်ဂူးတန် ပူတာအိုဘက်က အဖွဲ့တွေ ရှိပါတယ်။ အားလုံးသိကြတဲ့အတိုင်း ဒီတိုက်ပွဲတွေ နည်းနည်းပြင်းထန်လာလို့ရှိရင်တော့ ဒေသခံ ဌာနေပြည်သူ့စစ်ကို ရှေ့တန်းထွက်ခိုင်းတာ ဒါက သူ တို့ရဲ့ ဗျူဟာပါ။ ကျနော်တို့ ကချင်မျိုးနွယ်စုအချင်းချင်းလည်း ဒီတိုက်စေခိုက်စေတဲ့ သူတို့ရဲ့ နည်းဗျူဟာ တစ် ခုဖြစ်ပါတယ်။ ဆိုတော့ အဲ့နေရာမှာလည်း ဒီပြည်သူ့စစ်နဲ့ သူတို့ တပ်မတော်တွေ ရောပြီးမှ နေပုံတော့ ရပါ တယ်။ အားလုံးပြည်သူ့စစ်ကြီးပဲ နေတာတော့ မဟုတ်ဘူး။ အားလုံးရောပြီးမှ နေပုံတော့ ရပါတယ်။ အခုနက ပြောသလို တိုက်ပွဲတွေ နည်းနည်းပြင်းထန်ပြီဆိုလို့ရှိရင်တော့ သူတို့က ပြည်သူ့စစ်တွေကို ရှေ့တန်းထွက်ခိုင်း တာတွေ၊ ဒီလမ်းပြခိုင်းတာတွေ ခင်များတို့ နယ်မြေကျွမ်းကျင်မှု ရှိတယ်ဆိုတော့ ခင်များတို့ပဲ ရှင်းပါ ဘာညာ ဆိုတာကတော့ ရှိဖို့တော့ သေချာပါတယ်” ဟု ဗိုလ်မှူးကြီးနော်ဘူ က ပြောသည်။

ပူတာအိုမြို့နယ်ထဲတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ကာ ယနေ့အချိန်ထိ စစ်ကောင်စီတပ်နှင့် ကချင်လွတ် လပ်ရေး တပ်မတော် KIA၊ PDF တပ်ဖွဲ့တို့အကြား တိုက်ပွဲ ပြင်းထန်လာခဲ့ခြင်း ဖြစ်သည်။

ယခုတိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေသည့် ပူတာအိုမြို့နယ်အတွင်းက ဆွမ်ပီယန်၊ လုံရှာယန်၊ တန်ဂျာ၊ အင်စီ ယန်၊ ဖတ်မာကျေးရွာတို့နှင့် ရှင်ကပ်(တောင်)ဘွမ်တို့တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် စစ်ကောင်စီတပ်က ဒေသအတွင်းရှိ တန်ဂူးတန်၏ ပြည်သူ့စစ်အဖွဲ့များနှင့် ပူးပေါင်းကာ တိုက်ခိုက်နေခြင်း ဖြစ်သည်ဟု KIO က ပြောသည်။

“အဓိကကတော့ ဒီတန်ဂူးတန် ပြည်သူ့စစ်တွေပဲ ရှိမှာပါ။ တခြားလည်း ရှိမှာပါ။ ဒါပေမယ့် အဓိကကတော့ အများဆုံးက သူတို့ဖြစ်မှာပါ။ သင်တန်းတက်တော့ များမယ်ထင်ပါတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ တော့ အဲ့လောက်ကြီးတော့ ဟုတ်မယ်လို့ မထင်ပါဘူး။ ရာကြီးရှိရင်ရှိမှာပါ။ အခုနက ပြောသလိုပေါ့ ဒေသခံ ဌာနေပြည်သူ့စစ်ကို ရှေ့တန်းထွက်ခိုင်းတာ ဒါက သူတို့ရဲ့ ဗျူဟာပါ။”

ပူတာအိုမြို့နယ်အတွင်း ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယနေ့ အချိန်ထိ ဖြစ်ပွားနေသည့် တိုက်ပွဲတွင် ပူတာအိုခရိုင် အတွင်း အခြေစိုက်လှုပ်ရှားနေသည့် ရဝမ်ပြည်သူ့စစ်ဟု လူသိများသည့် တန်ဂူးတန် (ခေါ်) အဒန်၏ ပြည်သူ့ စစ်အဖွဲ့က စစ်ကောင်စီနှင့် ပူးပေါင်းကာ KIA နှင့် PDF ပူးပေါင်းတပ်ဖွဲ့တို့ကို တိုက်ခိုက်ကာ စစ်ရေးလှုပ်ရှား နေ ခြင်း ဖြစ်သည်ဟု ပူတာအိုဒေသခံများနှင့် KIO က ပြောသည်။

“ကျနော်တို့ နစ်ခြင်းအသင်းတော်ဝင် ရွာသားတွေကတော့ တိုက်ပွဲဖြစ်လာတဲ့အခါ ပူတာအိုမြို့က လုံစွပ်တို့ ဘက် က အမျိုးတွေအိမ်ကို စစ်ရှောင်လာကြတယ်။ အခုတိုက်ပွဲတွေဖြစ်နေတဲ့နေရာတွေမှာ ဂျိမ်းဖော့နဲ့ လီဆူ ကျနော် တို့ ညီအစ်ကိုတွေ နေကြတဲ့ရွာတွေဖြစ်တယ်။ အစတိုက်ပွဲဖြစ်တဲ့ ဆွမ်ပီယန်တပ်စခန်းကုန်းက ဒီပြည်သူ့စစ်နဲ့ စစ် တပ်တွေနေတဲ့နေရာ၊ အဲ့ဒီနေရာကနေ တိုက်ပွဲက စပြီး ဖြစ်တယ်လို့ပြောလို့ရတယ်။ အခုထိဖြစ်တယ်။

လေယာဉ် တွေနဲ့လည်း မကြာခနလာပစ်တယ်။ အခုဆို စစ်တပ်က အင်အားလည်း ထပ်တိုးထားတော့ ပြည်သူတွေက တိုက် ပွဲအကြီးတွေ ဖြစ်လာမှာကို စိုးရိမ်နေကြတာမျိုးပေါ့" ဟု ဒေသခံ အမျိုးသားတစ်ဦးက ပြော သည်။

ပူတာအိုမြို့နယ်အတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်က မြေပြင်ထိုးစစ်ဆင်မှုများအပြင် လေယာဉ်များသုံးပြီး ဝေဟင်မှ လည်း ထိုးစစ်ဆင်တိုက်ခိုက်လျှက်ရှိသည်။ ထို့အပြင် ယခုရက်ပိုင်းအတွင်း ပူတာ အိုမြို့နယ်ထဲတွင် စစ်ကောင်စီတပ်က စစ်အင်အားတိုးချဲ့မှုများ ဆက်တိုက် လုပ်ဆောင်နေသည်ဟု ဒေသခံများ က ပြောသည်။

ဗိုလ်မှူးကြီးနော်ဘူ က "အခုဒီ နှစ်လပိုင်းပေါ့နော် နှစ်လပိုင်း လဆန်းပိုင်းကနေ ပူတာအိုဒေသဘက်မှာလည်း တိုက်ပွဲကတော့ ကြိုကြားကြိုကြားခနခန ဖြစ်ပါတယ်။ အခုလောလောဆယ် အချိန်မှာလည်းပဲ ဟိုဆွမ်ပီယန်နားက ရှင်ကပ်ဘွမ့်ဆိုတဲ့ တပ်စခန်းနားမှာ တိုက်ပွဲတွေ ဆက်တိုက်လို ဖြစ်ပါတယ်။ အခု ၃ရက်လောက်တော့ ရှိပါပြီ။ ဒါပေမယ့် သိပ်ပြီးမှ ပြင်းပြင်းထန်ထန်တော့ မဟုတ်ဘူးပေါ့။ ဟိုစစ်ကောင်စီရဲ့ တပ်တွေကို ထောက်ပံ့နေတဲ့ လမ်းကြောင်း ဘက်မှာ ကျနော်တို့ KIO/KIA တွေနဲ့ ဟို PDF တွေကြားဖြတ်ပြီးမှ တိုက်ခိုက်တဲ့ တိုက်ပွဲတွေ ဖြစ်ပါတယ်" ဟု ပြောသည်။

စစ်တပ်က အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ် မေလမှ စတင်၍ မြန်မာနိုင်ငံ မြောက်ဖျားပိုင်းက ပူတာအိုခရိုင်အတွင်း ဒေသခံပြည်သူများအား အခြေခံစစ်ပညာများ သင်ကြားထားကြရန် စစ်ကောင်စီ လက်အောက်ခံ ရဝမ်ပြည်သူ့စစ်အဖွဲ့ (တန်ဂူးတန်) ပြည်သူ့စစ်အဖွဲ့က တစ်ရာဝင်တစ်ရွာထွက် လိုက်လံ စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

ပူတာအိုမြို့နယ်၊ နောင်မွန်းမြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်တို့တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ပြည် သူ့ကာကွယ်ရေးတပ် (PDF) တို့က တိုက်ခိုက်လာပါက အသင့်ပြန်တိုက်နိုင်ရန် ဒေသခံများ အခြေခံစစ်ပညာ သင် ထားကြရန် လိုက်လံစည်းရုံးမှုများ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်ဟု ဒေသခံများက ပြောသည်။

https://www.nmg-news.net/2022/02/24/17910

-----------------------------------------------------------------------------------------------------------

## စစ်တပ်ပစ်သတ်မှုကြောင့် ကျဆုံးခဲ့သည့် မိုးမောက်ဒေသခံ ၂ ဦးအပါအဝင် ကျဆုံးပြည်သူ ၁၅၇၂ ဦးထိရှိလာ

Published By DVB | 24 February, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်းကာလ ၁ နှစ်ကျော်အကြာ စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၅၇၂ ယောက်နဲ့ ဖမ်းဆီး ထိန်းသိမ်းခံရသူပေါင်း ၁၂၃၂၆ ယောက်ထိ ရှိလာခဲ့ပြီလို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက် အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၃၁၃ ယောက် လက်ရှိချုပ်နှောင်ခံထားရဆဲ ဖြစ်ပြီး အဲဒီထဲက ၇၅၄ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ မိုးမောက်မြို့အခြေစိုက် ခမရ (၄၃၇) ရှေ့မှာ ဖေဖော်ဝါရီ ၁၈ ရက်ည ၉ နာရီကျော်လောက်က ဆိုင်ကယ်မောင်းလာတဲ့ အရပ်သား ၂ ယောက်ဖြစ်တဲ့ ထိန်နန်နဲ့ လ ပါတို့ကို စစ်သားတွေက ပစ်သတ်ခဲ့ကြောင်း သိရှိရပါတယ်။ သူတို့ ၂ ယောက်ဟာ ဆိုင် ကယ်ရပ်ခိုင်းတာကို မရပ်ပေးလို့ဆိုကာ ပစ်သတ်ခံခဲ့ရခြင်းဖြစ်ပြီး နေရာတင်ကျဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။ တယောက်မှာတော့ မျက်လုံးနဲ့ နောက်တယောက်မှာတော့ ပါးစပ်နဲ့ ဝမ်းဗိုက်ကို ကျည်ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ဖေဖော်ဝါရီ ၁၈ ရက် မနက်ပိုင်းမှာပဲ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အခြေစိုက် ခလရ (၉၇) ရဲ့ လက်နက်ကြီးပစ်ကုန်းမှ ပစ်ခတ်ခဲ့တဲ့ လက်နက်ကြီးကျည်ဟာ ကမိုင်ကုန်းကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့တာကြောင့် အရပ်သားတယောက်ဖြစ်သူ နော်ဖုတင်မှာ ကျဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် နော်ဖုတင်ရဲ့ ခင်ပွန်းနဲ့ တခြားဒေသခံရွာ သားတွေလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီ လည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/518691

------------------------------------------------------------------------------------------------------------

## အိန္ဒိယ၊ မီဇိုရမ်မှာခိုလှုံနေတဲ့ မြန်မာနိုင်ငံသားတွေအတွက် ဒုက္ခသည်အသိအမှတ်ပြုကဒ်ပြားထုတ်ပေး

24 February 2022

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ကို ထွက်ပြေးတိမ်းရှောင်သူတွေအတွက် နေထိုင်ရေးလုံခြုံဖို့ မီဇိုရမ်ပြည်နယ်အစိုးရက Refugee ID (ဒုက္ခသည်အဖြစ် အသိအမှတ်ပြု) ကတ်တွေ ထုတ်ပေးနေပါတယ်။ လက်ရှိ မီဇိုရမ် ပြည်နယ်၊ ကျန်ဖိုင်းခရိုင်ဘက်မှာ မြန်မာဘက်က ဒုက္ခသည် ၄,၀၀၀ ကျော် ID ကဒ် ရထားပြီလို့ မီဇိုရမ် ဒုက္ခသည်ကူညီရေးအဖွဲ့ တာဝန်ရှိသူတွေက ပြောပါတယ်။ ဒီအကြောင်း ရန်ကုန်ကပေးပို့လာတဲ့သတင်းကို ကိုငြိမ်းချမ်းက တင်ပြပေးထားပါတယ်။

ချင်းပြည်နယ်နဲ့ကပ်နေတဲ့ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ထဲ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ပြေးခိုလှုံကြသူတွေကို မီဇိုရမ် ပြည်နယ်အစိုးရက ဒုက္ခသည်အသိအမှတ်ပြုမှတ်ပုံတင် Refugee ID ကဒ်တွေ ထုတ်ပေးနေပါတယ်။ အထူးသဖြင့် ကျန်ဖိုင်း ခရိုင်မှာ ဒုက္ခသည် ၄,၀၀၀ လောက် Refugee ID ကဒ် ရရှိခဲ့တယ်လို့ မီဇိုရမ် NGO United for Democratic Myanmar တွဲဖက်အတွင်းရေးမှူး ကိုရစ်ချတ် က ဗွီအိုအေကိုပြောပါတယ်။

“သူတို့တပြည်နယ်လုံးမှာလုပ်နေတာ။ ဒါပေမယ့် ကျန်ဖိုင်းမှာကျတော့ ပိုပြီးတော့မြန်မြန်ဆန်ဆန် လုပ်ဆောင်သွားတာပေါ့နော်။ စစ်ဘေးရှောင်တွေကျတော့ ကျန်ဖိုင်းခရိုင်မှာဆိုရင် တသောင်းကျော်လောက်ရှိတယ်။ အဲဒီ တသောင်းကျော်ကျော်လောက်မှာ လောလောဆယ်

သူတို့စာရင်းယူနိုင်တာက (၆,၀၀၀) ကျော်။ (၆,၀၀၀) ကျော်ထဲမှာ (၄,၀၀၀) ကျော်ကို အဲဒီ Refugee ကဒ်ပေးပြီးသွားပြီပေါ့နော်။ ကျန်တဲ့ဟာတွေလည်း ဆက်လုပ်သွားဖို့ရှိတယ်။”

မြန်မာနိုင်ငံကနေ တိမ်းရှောင်ရောက်လာတဲ့ ဒုက္ခသည်တွေအရေးကို ကိုင်တွယ်ဖို့ မီဇိုရမ်ပြည်နယ်အစိုးရက တာဝန်ပေးထားတဲ့ ပြည်နယ်ဒုတိယ ကော်မရှင်နာမင်းကြီးနဲ့အတူ ပြည်ထဲရေးဌာနတာဝန်ရှိသူတွေ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနဲ့ ပြန်လည်ထူထောင်ရေးဌာနက တာဝန်ရှိသူတွေဟာ အိုက်ဇောမြို့ရောက်စစ်ပြေး ဒုက္ခသည်တွေ ခိုလှုံနေတဲ့နေရာတွေဆီ ဇန်နဝါရီလ ၁၉ ရက်က သွားရောက်ကြည့်ရှုခဲ့ပြီး ဒုက္ခသည်မှတ်ပုံတင်ကဒ်ပြားတွေ ထုတ်ပေးမယ် လို့ ကြေညာခဲ့တာပါ။

ဒုက္ခသည်များမှတ်ပုံတင် Refugee ID ကဒ်ကို မီဇိုရမ်ပြည်နယ်အစိုးရက တာဝန်ပေးထားတဲ့အဖွဲ့တွေကနေ စီစဉ်ထုတ်ပေးနေတာဖြစ်တယ်လို့ ကိုရစ်ချတ်က ရှင်းပြပါတယ်။

“အဲဒီကဒ်ပြားက မီဇိုရမ်အစိုးရက နေပြီးတော့မှ စီစဉ်ဆောင်ရွက်တဲ့ဟာဖြစ်တယ်။ ဒီပြည်နယ်မှာသူက အဲဒီ ID ကဒ်ကို လုပ်မယ့်အဖွဲ့အစည်းလေးတွေ သူကခွင့်ပြုထားတယ်ပေါ့နော်။ ဆိုတော့ အဲဒီအဖွဲ့အစည်းလေးကနေပြီးတော့အခု လှုပ်ရှား နေတာဖြစ်တယ်။ အခုရက်ပိုင်းဆိုရင် မီဇိုရမ်ပြည်နယ်မြို့တော် အိုက်ဇောလ်မြို့မှာဆိုရင် ရပ်ကွက် ၃၀ ကျော်မှာ သူတို့က ဒီ Refugee ကဒ်ကိုပေါ့နော်။ စစ်ဘေးရှောင်တွေအကုန်လုံးပေးလိုက်ပြီးပြီ။ အခုဆိုရင်တော့ အကုန်လုံး ရုံးကို တင်ပေးတဲ့သူတွေလည်း အများကြီးရှိတယ်။”

မီဇိုရမ်ပြည်နယ်အစိုးရက ထုတ်ပေးတဲ့ ဒုက္ခသည်အသိအမှတ်ပြု Refugee ID ကဒ်ရမယ့်သူတွေအနေနဲ့ မီဇိုရမ်ပြည်နယ်ထဲမှာ တရားဝင် ယာယီ နေထိုင်ခွင့်ရတဲ့သဘောဖြစ်ပါတယ်။

“အကျိုးသက်ရောက်မှုတော့ရှိနိုင်တယ်။ အစိုးရရဲ့အဓိကရည်ရွယ်ချက်ကလည်း ဒီမီဇိုရမ်ပြည်နယ်မှာ စစ်ဘေးရှောင်ဦးရေ ဘယ်နှစ်ဦးရှိသလဲ ဆိုတဲ့ဟာကို သူက သေသေချာချာလေး စာရင်းပြုစုချင်တာတခုပါတယ်။ ပြီးတော့ နောက်တခု က ဒီမီဇိုရမ်ကိုရောက်နေတဲ့ စစ်ဘေးရှောင်တွေ အနေနဲ့ မီဇိုရမ်မှာနေထိုင်တဲ့အခိုက် သူတို့အတွက်ပိုပြီးတော့မှ လုံခြုံမှု ရှိစေဖို့ပေါ့နော်။ သဘောတခုက ခရီးတွေဘာတွေ သွားချင်တဲ့သူဆိုရင် ဒီ ID ကဒ်နဲ့ ခရီးတွေဘာတွေ သွား လို့ရမယ်။ ဒီမီဇိုရမ်ပြည်နယ်အတွင်းပေါ့နော်။ လွတ်လွတ်လပ်လပ်သွားလို့ရမယ်။ တခုခုအခက်ခဲ ဘာညာ တွေ ရှိတယ်ဆိုရင်လည်း အဲဒီ Refugee ID ကဒ်ကိုပြခြင်းအားဖြင့် အများကြီး အထောက်အကူပေးနိုင်တယ်။”

မီဇိုရမ်ပြည်နယ် မြို့တော်အိုင်ဇောလ်မြို့ ရပ်ကွက် ၃၀ ကျော်မှာ ဒုက္ခသည်အသိအမှတ်ပြု Refugee ID ကဒ်ပြားလုပ်ဆောင်ဖို့ ရပ်ကွက် အုပ်ချုပ်ရေးရုံးကတဆင့် ဖောင်တွေဖြန့်ဝေခဲ့ပြီး ရပ်ကွက်အသီးသီးမှာ စတင်လုပ်ဆောင်နေတာဖြစ်ပါတယ်။ မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းခရိုင်မှာ မြန်မာစစ်ဘေးရှောင်ဦးရေအများစု ခိုလှုံနေကြပြီး ကျန်တဲ့ လုံဆိုင်ခရိုင် လုံးလိုင်ခရိုင်တွေ ဘက်မှာလည်း ခိုလှုံနေကြပါတယ်။ လက်ရှိမီဇိုရမ်ပြည်နယ်မှာ မြန်မာနိုင်ငံဘက်က ထွက်ပြေးခိုလှုံနေကြသူတွေ မီဇိုရမ် တပြည်နယ်လုံးမှာတော့ သုံးသောင်းဝန်းကျင်လောက်ရှိနေပြီး ဒေသခံ ကူညီပေးအဖွဲ့တွေက အကူညီပေးနေကြပါတယ်။

မြန်မာနိုင်ငံမှာ စစ်တပ်ကအာဏာသိမ်းပြီးနောက်ပိုင်းနဲ့ ချင်းပြည်နယ်စစ်ရေးတင်းမာမှုဖြစ်စဉ်အတွင်း မတူပီ၊ ထန်တလန်၊ စစ်ကိုင်းတိုင်းကလေးမြို့နယ်က ဒေသခံတွေဟာ မြန်မာနိုင်ငံနဲ့ ထိစပ်နေတဲ့ အိန္ဒိယနိုင်ငံထဲကို ထွက်ပြေးခဲ့ကြတာပါ။ မီဇိုရမ်ပြည်နယ်မှာ အခုဆိုရင် မြန်မာဘက်က ရောက်နေတဲ့ ဒုက္ခသည် ၃ သောင်းလောက်ရှိနေကြပါတယ်။ မီဇိုရမ်ပြည်နယ်အစိုးရအနေနဲ့ ရောက်ရှိလာတဲ့ စစ်ဘေးဒုက္ခသည်တွေကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနေတယ်လို့ ဒေသတွင်းလူမှုအဖွဲ့အစည်း တာဝန်ရှိသူတွေကပြောပါတယ်။

https://burmese.voanews.com/a/myanmarmilitarycoup-mizoram-myanmarrefugees-voaburmese-စစ္အာဏာသိမ◌္းမ◌ႈ-ဒုကၡသည◌္-မီဇိုရမ◌္-ၿပီအိုေအျမန္မာပိုင◌္း-/6457031.html

---

## နုတ်ထွက်သွားသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၃၁၇၆ ဦးအနက် ၂၆၁၉ ဦး ပြန်လည်ခန့်ထားနိုင်ကြောင်း ပြန်ကြားရေးဝန်ကြီး ပြောကြား

PUBLISHED 24 FEBRUARY 2022

နုတ်ထွက်သွားသည့် ရပ်ကွက်^ကျေးရွာ အုပ်ချုပ်ရေးမှူး ၃၁၇၆ ဦးအနက် ၂၆၁၉ ဦး ပြန်လည်ခန့်အပ်ထားနိုင်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၃ ရက်က ပြည်ပသတင်း ဌာနအချို့နှင့် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံ မေးမြန်းမှုပြုလုပ်ရာတွင် တရုတ်နိုင်ငံ China Morning Post သတင်းဌာန၏ တိုက်ပွဲများဖြစ်ပွားနေသော ရခိုင်၊ ချင်းနှင့် ကယား ပြည်နယ်ကဲ့သို့သော နိုင်ငံ၏ အစွန်အဖျား ဒေသများ၌ ထိန်းချုပ်မှု၊ စိုးမိုးမှုဆုံးရှုံးနေပါသလားဟုမေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း ၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က အထက်ပါကဲ့သို့ ထည့်သွင်းဖြေကြားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူမှုဘဝများ ပုံမှန်ရှင်သန်လည်ပတ်နိုင်အောင် လုံခြုံရေးရှုထောင့်မှ အလေးထား ဆောင်ရွက်နေသောကြောင့် ထိန်းချုပ်နိုင်မှု၊ နိုင်ငံ့လုံခြုံရေးစိုးမိုးနိုင်မှု ဆုံးရှုံးခြင်းမျိုး မဖြစ်ပါကြောင်း၊ စိတ်ခံစားမှုကို ရှေ့တန်းတင်ပြီး တရားဥပဒေမဲ့ လူမဆန်သည့်လုပ်ရပ်များအ တွက် အချိန်တိုအတွင်း ဥပဒေဘောင်အတွင်း မှ လူ့အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး အလေး ထားဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံလုံခြုံ ရေးနှင့် တည်ငြိမ်ရေးကို ရာနှုန်းပြည့် ထိန်း ချုပ်ထားနိုင်သည်ဟု ဖြေကြားလိုကြောင်း၊ နယ်စပ်ဒေသများတွင် CRPH၊ NUG၊PDF တို့၏ လက်နက်ပြခြိမ်းခြောက်မှုများကို တပ် မတော်က ရှင်းလင်းဆောင်ရွက်ပေးနေပြီး ပြည်သူလူထုကို အပြည့်အဝကာကွယ်စောင့် ရှောက်ပေးနေကြောင်း၊ ယခုကဲ့သို့ တရားမဲ့ အနိုင်ကျင့်သတ်ဖြတ်မှုများကို ပြည်သူများက မခံမရပ်နိုင်ဖြစ်နေကြောင်း စာများရေးသား တင်ပြမှုများလည်းရှိနေကြောင်း ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ပြောကြား သည်။

ထို့ပြင် နိုင်ငံ၏နေရာဒေသအားလုံးတွင် လုံခြုံတည်ငြိမ်ရေးကို လုံးဝထိန်းချုပ်ထား နိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ရပ်ကွက်/ကျေးရွာအုပ်စု ၁၆၃၇၀ တွင် အုပ်ချုပ်ရေးမှူး ၁၅၇၄၂ ဦး ခန့်အပ်ပြီးဖြစ်ကြောင်း CRPH၊ NUG၊ PDF တို့၏ ခြိမ်းခြောက်မှုကြောင့် နုတ်ထွက်သွားသည့် ရပ်ကွက်/ကျေး ရွာအုပ်ချုပ်ရေးမှူး ၃၁၇၆ ဦးရှိခဲ့ရာ ၂၆၁၉ ဦး ပြန်လည်ခန့်အပ်ထားနိုင်ပြီဖြစ်ပြီး မြို့ရွာ လုံခြုံရေးကို အပြည့်အဝဆောင်ရွက်နိုင်ပါ ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင် အုန်းက ပြောကြားသည်။

ထို့အတူ အကြမ်းဖက်သမားများ၏လုပ်ဆောင်မှုကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ တစ်နိုင်ငံလုံး ပျက်စီးဆုံးရှုံးမှု၊ သေဆုံးဒဏ် ရာရရှိမှု၊ သိမ်းဆည်းရရှိမှုနှင့် ဖမ်းဆီးရရှိမှု စာရင်းများမှာ လမ်းတံတားများ ဖျက်ဆီးခံရမှု ၅၂၅ ခု၊ ဆေးရုံ၊ ဆေးခန်းများ ဖျက်ဆီးခံရမှု ၂၇ ခု၊ စာသင်ကျောင်း၊ ပညာရေးအဆောက် အဦများ ဖျက်ဆီးခံရမှု ၅၀၄ ခု၊ ရဟန်းသံဃာ များ သေဆုံးမှု ၂၀၊ အစိုးရဝန်ထမ်းများ သေ ဆုံးမှု ၉၅ ဦး၊ အစိုးရဝန်ထမ်းများ ဒဏ်ရာရရှိမှု ၁၅၃ ဦး၊ တစ်နှစ်တာအတွင်း အကြမ်းဖက်မှု ၉၄၃၇ မှု၊ လက်နက်မျိုးစုံ သိမ်းဆည်းရရှိမှု ၅၆၀၆ ခု၊ ခဲယမ်းမျိုးစုံ သိမ်းဆည်းရရှိမှု ၁၆၁၅၅၆ ခု၊ လက်ပစ်ဗုံးများ သိမ်းဆည်းရရှိမှု ၁၈၉၀၊ လက်လုပ်မိုင်း/ဗုံးများ သိမ်းဆည်းရရှိ မှု ၁၁၄၂၄ ခု၊ အကြမ်းဖက်သမားများ ဖမ်းဆီး ရရှိမှု ၄၃၃၈ ဦးဖြစ်ကြောင်း၊ CRPH၊ NUG၊ PDF များသည် အပြစ်မဲ့ပြည်သူများကို ဒလန် စွပ်စွဲသတ်ဖြတ်နေကြပြီး ဘုန်းတော်ကြီး ရဟန်းသံဃာများကိုပါ လုပ်ကြံသတ်ဖြတ် ပြကာ ပြည်သူများကို အကြောက်တရားနှင့် ခြိမ်းခြောက်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်း ရေးကို တရားဥပဒေမဲ့ ကျူးလွန်ဖောက်ဖျက် နေသူများဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

https://news-eleven.com/article/226358

---

## စစ်ကောင်စီခန့် UEC ကို NLD နှင့် SNLD အာခံ

By ဧရာဝတီ | 24 February 2022

ပါတီ၏ စာရင်းများအား အစစ်ဆေးခံရန် စစ်ကောင်စီခန့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ၏ ကြေညာချက်ကို လက်မခံကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တို့ က အသီးသီးတုံ့ပြန် အာခံခဲ့ကြသည်။

UEC က NLD နှင့် SNLD အပါအဝင် နိုင်ငံရေးပါတီ ၄ ပါတီ၏ စာရင်းများအား ဖေဖော်ဝါရီလ ၁၄ ရက်တွင် လာရောက်အစစ်ဆေးခံရန် Email ဖြင့်သော်လည်းကောင်း ၊ နိုင်ငံပိုင်မီဒီယာများမှ သော်လည်းကောင်း ကြေညာခဲ့သော်လည်း NLD နှင့် SNLD သည် လာရောက်စစ်ဆေးခံခြင်း မရှိကြောင်း UEC က မီဒီယာအချို့သို့ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဖြေကြားသည်။

အဆိုပါဖြေကြားချက် လူမှုကွန်ရက်တွင် ပျံ့နှံ့လာပြီးနောက် NLD နှင့် SNLD ပါတီ ပြောရေးဆိုခွင့်ရှိသူများက တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

NLD နှင့် SNLD တို့သည် ၁၉၉၀ ရွေးကောက်ပွဲမှစ၍ စစ်အာဏာရှင်ခေတ်တိုင်းတွင် ပါတီခေါင်းဆောင်များ ဖမ်းခံရသည်အထိ ခက်ခဲစွာ ရပ်တည်ရလေ့ရှိပြီး ဝင်ပြိုင်သည့် ရွေးကောက်ပွဲများတွင် အပြတ်အသတ် အနိုင်ရလေ့ရှိသည်။

ပြီးခဲ့သည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင်လည်း မဲအများဆုံးရရှိခဲ့သည့် နိုင်ငံရေးပါတီများလည်းဖြစ်သည်။ NLD ပါတီ ဗဟိုအလုပ်ကော်မတီဝင် ဦးကျော်ထွေးကလည်း တရားမဝင် အာဏာသိမ်းထားသည့် စစ်ကောင်စီခန့် UEC အနေနှင့် နိုင်ငံရေးပါတီများကို ယခုကဲ့သို့စစ်ဆေးခွင့်မရှိကြောင်းဆိုသည်။

"ငွေစာရင်းစစ်ဖို့ အမှန်တကယ်ဥပဒေနဲ့အညီ တာဝန်ရှိတဲ့ အဖွဲ့အစည်းဖြစ်ဖို့လည်း လိုပါမယ်။ အခုရွေးကောက်ပွဲကော်မရှင်ဟာ အာဏာသိမ်းစစ်ကောင်စီက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရတောင်မှပဲ ဖွဲ့စည်းပိုင်ခွင့်မရှိတဲ့ အဖွဲ့အစည်းဖြစ်လို့ သူတို့မှာ နိုင်ငံရေးပါတီတွေကို စစ်ဆေးပိုင်ခွင့်မရှိပါဘူး" ဟု ၎င်းက ဆိုသည်။

NLD ပါတီ၏ ငွေစာရင်းကို စစ်ဆေးမည်ဆိုပါက ပါတီ၏ အဓိက တာဝန်ရှိသော စစ်ကောင်စီ၏ ဖမ်းဆီးခြင်းခံထားရသည့် ခေါင်းဆောင်များအား အမြန်ဆုံးပြန်လွှတ်ပေးရန် လိုကြောင်း ဦးကျော်ထွေးက ပြောသည်။ ၎င်းက "ငွေစာရင်းအစစ်ခံမယ် အစစ်မခံနိုင်ဘူး ဆုံးဖြတ်နိုင်တာက ဗဟိုအလုပ်အမှုဆောင် စုံညီ အစည်းအဝေးရဲ့ ဆောင်ရွက်ချက်နဲ့ပဲ ဆောင်ရွက်လို့ရမှာဖြစ်ပါတယ်" ဟု ဆိုသည်။

လက်ရှိတွင် စစ်ကောင်စီသည် NLD ပါတီ ထိပ်ပိုင်းခေါင်းဆောင်များဖြစ်သည့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ၊ သမ္မတဦးဝင်းမြင့်တို့ကဲ့သို့ ခေါင်းဆောင်များအား ဖမ်းဆီးထားပြီး အချို့ခေါင်းဆောင်များကိုလည်း ပုဒ်မမျိုးစုံတပ်ကာ နှစ်ရှည်ထောင်ဒဏ်များချထားသည်။

NLD ပါတီထံမှ သိရသည့် အချက်အလက်များအရ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက် ရန်ကုန်တိုင်းရှိ NLD ပါတီဗဟိုဌာနချုပ်ကို မီးလောင်စေတတ်သည့် အရာဖြင့် ပစ်ခတ်ခံခဲ့ရသလို နိုင်ငံတဝန်းရှိ ပါတီ ရုံးပေါင်း ၉၁ ရုံးမှာလည်း တိုက်ခိုက်မှုများ ခံထားရကြောင်း သိရသည်။

SNLD ပါတီအထွေထွေအတွင်းရေးမှူး စိုင်းလိတ်ကလည်း SNLD အနေနှင့် စစ်ကောင်စီ၏ UEC ထံတွင် ပါတီ၏ ပစ္စည်းစာရင်း၊ ပါတီဝင်နှင့် ငွေစာရင်းများအား သွားရောက်အစစ်ဆေးမခံနိုင်ကြောင်း ပြောသည်။

"ကျနော်တို့ အရင်ကတည်းကလည်း နှုတ်နဲ့ လှမ်းပြောထားပြီးသားဖြစ်ပါတယ်။ လိုအပ်ရင် ရုံးကို လာစစ်ပါ။ သူတို့ညွှန်ကြားတဲ့ ဆီကို ကျနော်တို့ မသွားနိုင်ပါဘူး။ ဒီအတိုင်းပဲ ကျနော်တို့ ရပ်တည်ပါတယ်" ဟု ၎င်းက ဆိုသည်။

ဆက်လက်၍ စိုင်းလိတ်က ပါတီစာရင်းများ အစစ်အဆေးမခံနိုင်ဟု ဆိုထားသည့် နိုင်ငံရေးပါတီ ၇ ပါတီထက်မနည်းရှိသည်ဟု ကြားသိရသည့် အနက် NLD နှင့် SNLD ကိုသာ ဦးတည် ဖိအားပေးနေခြင်းသည် မည်သည့် ရည်ရွယ်ချက်ကြောင့်နည်းဟု နားမလည်ဖြစ်ရကြောင်း ဆိုသည်။

UEC ၏ ကြေညာချက်တွင် အစစ်အဆေးခံရန် ပျက်ကွက်သည့် နိုင်ငံရေးပါတီ ၂ ပါတီအနေနှင့် လာမည့် မတ်လ ၉ ရက် နောက်ဆုံးထားကာ အစစ်ဆေးခံရန် ညွှန်ကြားကြောင်း ၊ ပျက်ကွက်ပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၄ (က)၊ (ဃ)၊ (င) တို့နှင့် အညီ အရေးယူခံရနိုင်ကြောင်း ဆိုသည်။

UEC က ရည်ညွှန်းထားသည့် အဆိုပါဥပဒေပုဒ်မများအရ အရေးယူခံရပါက အရေးယူခံရသည့် ပါတီသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ၃ နှစ်သော်လည်းကောင်း၊ ယာယီအားဖြင့်သော်လည်းကောင်း ၊ ပါတီဖျက်သိမ်းခံရသည် အထိသော်လည်းကောင်း အရေးယူခံရနိုင်ကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ အရသိရသည်။

ဥပဒေအကြံပေး ဦးခင်မောင်မြင့်ကလည်း NLD နှင့် SNLD တို့ကဲ့သို့သော နိုင်ငံရေးပါတီများကို ပါတီစာရင်းများလာရောက်စစ်ဆေးခံရန် UEC က ဖိအားပေးခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စစ်ကောင်စီ) က ဦးစီးကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်မပြိုင်နိုင်ရန် ကြိုတင်ဟန့်တားသည့် ခြေလှမ်းကို ပြင်ဆင်လာသည့် သဘောဖြစ်ကြောင်း ဆိုသည်။

"ဒါတွေက သူတို့ရည်ရွယ်ထားတဲ့ ရွေးကောက်ပွဲမှာ ပါဝင်မှုမရှိခြင်းအားဖြင့် သူတို့အလေးပေးတဲ့ ပါတီ ဥပမာ USDP ပေါ့။ ကျွတ်ကျွတ်လွတ်လွတ် အနိုင်ရတဲ့ အစဉ်အလာကြီးတဲ့ လူထုထောက်ခံမှုများတဲ့ ပါတီတွေကို ယာယီရပ်ဆိုင်း၊ သို့မဟုတ် အမြဲတမ်းဖျက်သိမ်းမှသာလျှင် အခွင့်အလမ်းသာမယ်လို့ ဆိုတဲ့အတွက် ဒါသည် ကျနော့်တဦးတည်းအမြင်အရတော့ ရိုးသားမှုမရှိဘဲ နိုင်ငံရေးရည်ရွယ်ချက် ရှိရှိနဲ့ လာမယ့် ရွေးကောက်ပွဲအတွက် စတင်ပြင်ဆင်လိုက်တဲ့ ခြေလှမ်းလို့ မြင်ပါတယ်" ဟုဆိုသည်။

https://burma.irrawaddy.com/news/2022/02/24/250132.html

---------------------------------------------------------------------------------------------------

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံခရီးစဉ်အတွင်း စီမံကိန်းတချို့ လက်သိပ်ထိုးပေးခဲ့

By ဧရာဝတီ | 24 February 2022

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ကသွားရောက်ခဲ့သည့် ရှမ်းပြည်နယ် ကျိုင်းတုံခရီးစဉ်အတွင်း၌ တာချီလိတ်မြို့ရှိ ဟိုတယ်၊ ဂေါက်ကွင်း နှင့် ကာစီနိုလုပ်ငန်းတချို့ကို လက်သိပ်ထိုးပေးခဲ့ကြောင်း ဧရာဝတီက စုံစမ်းသိရှိရသည်။

အဆိုပါ ခရီးစဉ်တွင် ယခင်စစ်အစိုးရလက်ထက်က ဖြိုဖျက်ကာ ဟိုတယ်အဖြစ် ပြောင်းလဲခဲ့သော ကျိုင်းတုံဟော်နန်းကို ပုံစံတူ အသစ်ပြန်လည်တည်ဆောက်ရန် ပန္နက်ရိုက်သည့် အခမ်းအနားကို တက်ရောက်ခဲ့သည်။



ဦးအောင်မျိုးမင်းဒင်က နှစ်ရှည်စာချုပ်ဖြင့် လက်လွှဲရယူနိုင်ခဲ့သည့် မူလကျိုင်းတုံဟော်နန်းနေရာရှိ Amazing Keng Tung Resort

မူလကျိုင်းတုံဟော်နန်းကို စစ်ဗိုလ်ချုပ်များနှင့် နီးစပ်သူများက အဆင့်ဆင့် လက်လွှဲပြောင်းယူကာ ဟိုတယ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင်မှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီးစပ် သည့် ဟိုတယ်လုပ်ငန်းရှင် ဦးအောင်မျိုးမင်းဒင်က နှစ်ရှည်စာချုပ်ဖြင့် လက်လွှဲရယူနိုင်ခဲ့သည်။ Amazing Keng Tung Resort ဟု အမည်ပေးထားသည်။

ယခု ကျိုင်းတုံဟော်နန်းအသစ်သည် Amazing Keng Tung Resort နှင့် ဘေးနားကပ်ရပ် မြေနေရာတွင် တည်ဆောက်မည်ဖြစ်သည်။

စစ်ခေါင်းဆောင်၏ ကျိုင်းတုံခရီးစဉ်အတွင်း ပြုလုပ်သည့် ကျိုင်းတုံ မဟာမြတ်မုနိဘုရားကြီး နှစ်(၁၀၀) ပြည့် ထီးတင်ပွဲ အခမ်းအနားကို ဦးထွန်းနေဦး (ဟိုတယ် တာချီလိတ်)၊ ဦးအားတီ (စံဖြိုးလင်းကုမ္ပဏီ )၊ ဦးအောင်နိုင် ( 1G1 ဟိုတယ်)၊ ဦးဘိုလေး ( UBL ကုမ္ပဏီ)၊ ဦးလင်းဇော်ထွန်း (ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကိုယ်ရေးအရာရှိဟောင်း)၊ ဦးတင်လှိုင် (မြသဟာပုဂ္ဂလိကဆေး ရုံပိုင်ရှင်) နှင့် ကိုထွန်း မိုင်းဖြတ် (ရွှေတြိဂံသတင်းလွှာ) အစရှိသည့် တာချီလိတ်မြို့ခံ လုပ်ငန်းရှင်အများ အပြားလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ထိုထီးတင်ပွဲအခမ်းအနားကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ သား ဦးအောင်ပြည့်စုံ လည်း တက်ရောက်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့် လောင်းကစား လုပ်ငန်းများဖြင့် နာမည်ကျော်သော ရွှေတြိဂံဒေသရှိ တာချီလိတ် မြို့မှ စစ်တပ်ပိုင် မြေပေါ်တွင် လုပ်ငန်းလုပ်ကိုင်လျက်ရှိသော အထင်ကရ ဟိုတယ် နှင့် ကာစီနိုလုပ်ငန်း တို့ကို ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်က ၎င်းနှင့် နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင်တချို့ကို လုပ်ငန်း လုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း ဧရာဝတီ၏ သတင်းရင်းမြစ်တဦးက ပြောသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဆိုပါဒေသကို ထိန်းချုပ်ကွပ်ကဲရသော တြိဂံဒေသတိုင်းစစ် ဌာနချုပ် တိုင်းမှူး တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။

ထိုလုပ်ငန်းများသည် စစ်တပ်ပိုင်မြေပေါ်ရှိ Regina Resort ကာစီနို နှင့် ဂေါက်ကွင်းလုပ်ငန်း နှင့် Golden Triangle Mountain Resort ဟိုတယ်တို့ ဖြစ်နိုင်ကြောင်း တာချီလိတ်မြို့ရှိ ဒေသခံ လုပ်ငန်း ရှင် တဦးကလည်း ဧရာဝတီသို့ ဆိုသည်။ Regina Golf Club သည် တာချီလိတ်မြို့၏ တခုတည်းသော ဂေါက်ကွင်းဖြစ်သည်။



တာချီလိတ်ရှိ စစ်တပ်ပိုင်မြေပေါ်က Regina Resort ကာစီနို နှင့် ဂေါက်ကွင်းလုပ်ငန်း

အဆိုပါလုပ်ငန်းများကို နှစ်ရှည်လုပ်ကိုင်ခွင့်ရရှိထားသော ထိုင်းကုမ္ပဏီထံမှ စစ်တပ်က အာဏာသိမ်းပြီးနောက် ပြန်လည်သိမ်းယူခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ နောက်ဆုံးထား လွှဲပြောင်းပေးရန် အမိန့်ပေးထားခဲ့ သည်။ ထိုလုပ်ငန်းများကို ထိုင်းကုမ္ပဏီက နှစ် ၃၀ လုပ်ကိုင်ခွင့်ရရှိထားပြီး သက်တမ်းပြည့်ရန် ၈ နှစ်ခန့် လိုသေးသည်။

၎င်းက “ တာချီလိတ်က ဟိုတယ်လုပ်ငန်းတွေအကုန်လုံးက စစ်တပ်က ခွင့်ပြုပေးမှ လုပ်လို့ရတာ တွေ ကြီးပဲ၊ သူတို့ မပတ်သက်လို့ မရဘူး ။ လုပ်ငန်းရှင်တွေ အများစုကလည်း အမည်ခံလုပ် ပေးနေကြရ တာ” ဟု ပြောဆိုသည်။

ထိုလုပ်ငန်းများကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ သား ဦးအောင်ပြည့်စုံ နှင့် တပ်ချုပ်မိသားစုက နောက်ကွယ်မှ ရင်းနှီးမြှုပ်နှံပေးနေသော ဟိုတယ်လုပ်ငန်းရှင် ဦးအောင်မျိုးမင်းဒင်တို့က နောက်ကွယ် က လုပ်ကိုင်မည်ဟု ဧရာဝတီ၏ သတင်းရင်းမြစ်တဦးက ဆိုသည်။

၎င်းတို့ကိုယ်စား စစ်တပ်ထိပ်တန်းအရာရှိများအတွက် ကိုယ်စားအမည်ခံကာ ဟိုတယ် နှင့် ကာစီနို လုပ် ငန်း လုပ်ကိုင်ပေး သော တာချီလိတ်မြို့ခံ စီးပွားရေးလုပ်ငန်းရှင်များထဲတွင် တာချီလိတ်၏ ခရိုနီဟု လူ သိများသော UBL ကုမ္ပဏီပိုင်ရှင် ဦးဘိုလေးက လုပ်ကိုင်ပေးနိုင်ကြောင်း အထက်ပါ တာချီလိတ်မြို့ခံ လုပ်ငန်းရှင်တဦးက မှတ်ချက်ပြုသည်။ ဦးဘိုလေးသည် တာချီလိတ်မြို့နယ်အဆင့် နယ်ခြား ကော်မတီ (TBC) ၏ သက်တမ်းရှည်အဖွဲ့ဝင် တဦးလည်းဖြစ်သည်။



တာချီလိတ်ရှိ Golden Triangle Mountain Resort ဟိုတယ် ကြော်ငြာ

“ စစ်တပ်နဲ့ သူတို့က အရင်တုန်းကတည်းက အရမ်းကို ရင်းနှီးကြတယ်။ စစ်တပ်အကျိုးစီးပွားနဲ့ သူတို့ အကျိုးစီးပွားက လုံးဝကို ဆက်စပ်နေတာ၊ ဘယ်လုပ်ငန်းမှ မကင်းသလောက်ပဲ ” ဟု ၎င်းက ပြော ဆိုသည်။

ယခုလို အခွင့်အရေးမျိုးကို တာချီလိတ်မြို့ရှိ လုပ်ငန်းရှင်အများစု လုပ်ကိုင်လိုကြပြီး တြိဂံဒေသတိုင်း စစ်ဌာနချုပ်(တျပ်ဟာ) နှင့် ဆက်ဆံရေးကောင်းမွန်ပြီး ရင်းနှီးမှုရှိသော ဦးဘိုလေး သည် ပိုဖြစ်နိုင်ကြောင်း တာချီလိတ်ရှိ အခြားသတင်းရစ်မြစ်တဦးကလည်း ဧရာဝတီသို့ ပြောသည်။

၎င်းက “ထိုင်းကုမ္ပဏီက ရှမ်းရိုးမကုန်တိုက်ကိုလည်း လုပ်ကိုင်ခွင့်ရထားတယ်။ ဒါပေမယ့် ထိုင်းကုမ္ပဏီ က Regina ကာစီနိုနဲ့ ဂေါက်ကွင်းပဲ သေချာလုပ်တယ်။ ရှမ်းရိုးမကုန်တိုက်ကြီးကို ဒီအတိုင်းထားထား တာပေါ့ အဲဒါကို တာချီလိတ်က လုပ်ငန်းရှင်တွေက သိပ်မကြိုက်ကြဘူး။ အဲဒါကို အကြောင်းပြုပြီး ဟိုတယ်လုပ်ငန်းတွေကိုပါ ဖယ်လိုက်ပုံရတယ် ” ဟု ဆိုသည်။

အဆိုပါ ရှမ်းရိုးမကုန်တိုက်သည် တာချီလိတ်မြို့လယ်ခေါင်တွင် တည်ရှိသည့် အထင်ကရ ကုန်တိုက် တခုဖြစ်သည်။

စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းတွင် တာချီလိတ်မြို့သည် ဟိုတယ်လုပ်ငန်းများသည် ကာစီနို နှင့် အွန်လိုင်းလောင်းကစားများကို တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသလို အကြီးအကျယ်လုပ်ဆောင်လာ လျက်ရှိသည်။ အများစုသည် တရုတ်နိုင်ငံသားများက ဟိုတယ်များကို တနှစ်ပတ်လုံး ငှားရမ်းပြီး လုပ် ကိုင်ခြင်း ဖြစ်သည်။

ထို့ပြင် တာချီလိတ်မြို့တွင် ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်(UWSA) က ကျောထောက် နောက်ခံပေးထားသော ဝလူမျိုး လုပ်ငန်းရှင်များကလည်း ဟိုတယ် နှင့် ကာစီနိုလုပ်ငန်းအများအပြား လုပ်ကိုင်လျက်ရှိပြီး အခြားသော ပြည်သူ့စစ်များကလည်း ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်လျက် ရှိသည်။

https://burma.irrawaddy.com/news/2022/02/24/250119.html

------------------------------------------------------------------------------------------------------

## စစ်ကောင်စီက တရုတ်အကာအကွယ်ဖြင့် ပြဿနာကို ပိုဆိုးစေသည်

24 February 2022

ခုခံရေးအင်အားစုများကို စစ်ကောင်စီက ရက်စက်စွာ ဆက်လက် ဖြိုခွဲနှိမ်နင်းမှုများအကြားတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့၌ စစ်အာဏာသိမ်းမှု တနှစ်ပြည့်သည်။ ထိုသို့ ဖြိုခွဲမှုများကြောင့် ပဋိပက္ခက ပိုမို ပြင်းထန်ခဲ့သည်။

မြန်မာနိုင်ငံမှ လက်ရှိ ပဋိပက္ခသည် မိမိတို့၏ အနီးကပ်ဆုံး အိမ်နီးချင်းများဖြစ်သည့် တရုတ်နှင့် ဒေသတွင်း တည်ငြိမ် ငြိမ်းချမ်းမှုကို မြတ်နိုးသည့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်များအတွက် ဆိုးကျိုးကို ဖြစ်စေသည်။ စစ်အာဏာသိမ်းမှု တနှစ်ပြည့်သော ကာလသည် တရုတ်နှင့် အာဆီယံ၏ လက်ရှိ သတိထားစောင့်ကြည့်သည့် နည်းလမ်း၏ ဆိုးကျိုးများကိုလည်း မီးမောင်းထိုးပြနေသည်။

ထိုနည်းလမ်းသည် မြန်မာတွင် ပဋိပက္ခကို မလျှော့ချနိုင်ဘဲ ငြိမ်းချမ်းတည်ငြိမ်မှုကိုလည်း ပြန်လည် ထိန်းသိမ်းနိုင်ခြင်း မရှိပေ။ အာဏာသိမ်းမှုကို ခုခံဆန့်ကျင်သည့် ပြည်သူများကို ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းနေပြီး တန်ဖိုး မည်မျှပေးဆပ်ရသည်ဖြစ်စေ အာဏာချုပ်ကိုင်ထားရန် ကြိုးစားနေစဉ်တွင် စစ်ကောင်စီသည် ကုလသမဂ္ဂ၊ အနောက်နိုင်ငံများကို တန်ပြန်ရန် သံတမန်ရေးအရ၊ စစ်ရေးအရ

အကာအကွယ်အဖြစ်လည်းကောင်း၊ သံတမန်ရေးနှင့် စစ်ရေးအနေအထား တောင့်တင်းစေရန် အဖြစ်လည်းကောင်း တရုတ်နိုင်ငံကို အသုံးချနေသောကြောင့် ပဋိပက္ခကို ပိုမိုဆိုးရွားစေသည်။

**တရုတ်နိုင်ငံ၏ လက်ရှိရပ်တည်မှု**

တရုတ်နိုင်ငံသည် စစ်အာဏာသိမ်းခြင်းကြောင့် ကျေနပ်ခြင်း မရှိသော်လည်း စစ်ကောင်စီနှင့် ပုံမှန် ဆက်ဆံရေးကို လွန်ခဲ့သော နှစ်လယ်က ပြန်လည်စတင်ပြီး အဓိကအချက်မှာ လုပ်ဆောင်ဆဲ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ပြန်လည် စတင်ရန်ဖြစ်သည်။ ဘေဂျင်းသည် စစ်ကောင်စီဘက်က ရပ်တည်ခြင်း သို့မဟုတ် အရပ်သားများခေါင်းဆောင်သည့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) တဘက်ဘက်က ရပ်တည်ခြင်းဆိုသည့် ပဋိပက္ခကို ပိုမိုဆိုးရွားစေမည်ဟု စိုးရိမ်သောကြောင့် မြန်မာနှင့်ပတ်သက်ပြီး သတိထားသည့် မူဝါဒကို ချမှတ်ထားပြီး ဘေဂျင်းသည် မြန်မာပြည်တွင်း ခရိုနီများနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအချို့နှင့် ဆက်ဆံရေးဟောင်းသာမက ဆက်ဆံရေးသစ်ပါ ထူထောင်ထားသည့် နိုင်ငံပိုင်လုပ်ငန်းများနှင့် ယူနန်ပြည်နယ်မှ ဒေသခံ စီးပွားရေးလုပ်ငန်းများ၏ ဖိအားကိုလည်း ခံစားနေရပုံ ရသည်။

**တရုတ်၏ အဓိကသေနင်္ဂဗျူဟာ အကျိုးစီးပွား**

မြန်မာနိုင်ငံနှင့် ပတ်သက်သည့် တရုတ်၏ အဓိက သေနင်္ဂဗျူဟာ အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှု ၃ ခုရှိကြောင်း လေ့လာသူများနှင့် သုတေသီများ ထောက်ပြကြသည်။ (၁) နယ်စပ်ဒေသ တည်ငြိမ်လုံခြုံရေး၊ (၂) မြန်မာနိုင်ငံမှ တရုတ်စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် (၃) တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ်များတို့ ဖြစ်သည်။

*ဘေဂျင်းသည် အနောက်ဘက် ပြည်နယ်များ၊ အထူးသဖြင့် တရုတ်တွင် အဆင်းရဲဆုံး ပြည်နယ်များအနက် တခုဖြစ်သော ယူနန်ပြည်နယ် နယ်စပ်တည်ငြိမ်လုံခြုံရေးကို စီးပွားရေး တိုးတက်မှုမှတဆင့် ချဉ်းကပ်သောကြောင့်ဖြစ်သည်*

နယ်စပ်ဒေသ လုံခြုံတည်ငြိမ်းရေး။ ။ တရုတ်၏ မြန်မာနိုင်ငံမှ အဓိကအကျိုးစီးပွားသည် ပထဝီနိုင်ငံရေး ရည်မှန်းချက်များနှင့် စီးပွားရေး အကျိုးစီးပွားများဖြစ်ကြောင်း အနောက်နိုင်ငံ သံတမန်များနှင့် သုတေသီများက ပြောသော်လည်း တရုတ်သုတေသီများကမူ တရုတ်၏ ဦးစားပေးသည် စီးပွားရေး သက်သက်ထက် နယ်စပ်ဒေသ လုံခြုံတည်ငြိမ်ရေးဖြစ်ကြောင်း ပြောသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိက အကြောင်းရင်းမှာ ဘေဂျင်းသည် အနောက်ဘက် ပြည်နယ်များ၊ အထူးသဖြင့် တရုတ်တွင် အဆင်းရဲဆုံး ပြည်နယ်များအနက် တခုဖြစ်သော ယူနန်ပြည်နယ် နယ်စပ်တည်ငြိမ်လုံခြုံရေးကို စီးပွားရေး တိုးတက်မှုမှတဆင့် ချဉ်းကပ်သောကြောင့်ဖြစ်သည်။

မြန်မာမှ တရုတ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ။ ။ နယ်စပ်လုံခြုံတည်ငြိမ်ရေး အကျိုးစီးပွားသည် မြန်မာမှ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ရန်အထိ ကျယ်ပြန့်သည်။

တရုတ်ဆန့်ကျင်ရေးစိတ်ဓာတ်။ ။ ၎င်း၏ နိုင်ငံရေးနှင့် စီးပွားရေး သေနင်္ဂဗျူဟာများနှင့်အညီ တရုတ်နိုင်ငံသည် တရုတ်ဆန့်ကျင်ရေး (သို့မဟုတ်) တရုတ်နိုင်ငံနှင့် တရုတ် ရင်းနှီးမြှုပ်နှံမှုများအပေါ် အများပြည်သူ ဒေါသကို မလိုလားပေ။

**တရုတ်နှင့် မြန်မာအတွက် ရွေးချယ်စရာများနှင့် အလားအလာများ**

မြန်မာမှ ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရာတွင် တရုတ်နိုင်ငံ၌ လုံး၀ ကွဲပြားသည့် ရွေးချယ်စရာ နည်းလမ်း ၃ ခုရှိသည်။ (၁) စစ်ကောင်စီဘက်က ရပ်တည်ခြင်း၊ (၂) မြန်မာပြည်သူများနှင့် NUG ဘက်က ရပ်တည်ခြင်းနှင့် (၃) ကြားနေရေးတို့ဖြစ်သည်။

လက်ရှိအခြေအနေတွင် တရုတ်က ၎င်းတို့၏ ရပ်တည်ချက်ကို ကြားနေအနေအထားအဖြစ် သတ်မှတ်ထားသည်။ တရုတ်နိုင်ငံ၏ သတိထားသော နည်းလမ်းနှင့် မူဝါဒမှာ စစ်ကောင်စီနှင့် ပုံမှန်ဆက်ဆံရေးကို ထိန်းသိမ်းထားပြီး ပြည်သူများ၏ ကိုယ်စားလှယ်အဖြစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်

(NLD) နှင့် ကောင်းမွန်သော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းခြင်းက တရုတ်အတွက် အန္တရာယ်ကင်း သေနင်္ဂဗျူဟာကျသော လှုပ်ရှားမှု ဖြစ်သည်။ သို့သော် တရုတ်က ဆက်လက်ကြားနေခြင်းကို မြန်မာနိုင်ငံတွင်းမှ ပြည်သူများက စစ်ကောင်စီနှင့် အတူရပ်တည်ခြင်းအဖြစ် ယူဆကြသည်။

အချိန်ကာလ ကြာလာသည်နှင့်အမျှ လက်ရှိပဋိပက္ခသည် မြန်မာအတွက် အလားအလာရှိသော အခြေအနေ ၃ ခုကို ဖြစ်စေနိုင်သည်။ (၁) ခုခံရေးအင်အားစုများ အောင်ပွဲခံမည်၊ (၂) စစ်ကောင်စီ နိုင်မည်၊ (၃) အကျပ်အတည်း ရှည်ကြာစွာ ဆက်လက် ဖြစ်ပွားနေမည်တို့ ဖြစ်သည်။ လက်ရှိအချိန်တွင် တတိယအခြေအနေ ဖြစ်ပွားနေသည်။

**တည်ငြိမ်မှုပြန်လည်ထိန်းသိမ်းရန် တရုတ်က မည်သို့ လုပ်ဆောင်နိုင်သနည်း**

*ကြားနေခြင်း သို့မဟုတ် စစ်ကောင်စီနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ခြင်းဖြင့် တရုတ်သည် စစ်အုပ်စုဘက်က ရပ်တည်သည်ဟု အမြင်ခံရနိုင်သည်*

တရုတ်နိုင်ငံ၏ လက်ရှိရပ်တည်ချက်နှင့် နည်းလမ်းကို မြန်မာနိုင်ငံရေးအထက်လွှာ အများစုနှင့် သာမန်ပြည်သူများက လက်မခံနိုင်ကြောင်း ထင်ရှားသည်။ ၎င်းတို့သည် မြန်မာတွင် တည်ငြိမ်မှု အလျင်အမြန်ပြန်လည် ထိန်းသိမ်းနိုင်အောင်လည်း မအောင်မြင်သေးပေ။ ကြားနေခြင်း သို့မဟုတ် စစ်ကောင်စီနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်ခြင်းဖြင့် တရုတ်သည် စစ်အုပ်စုဘက်က ရပ်တည်သည်ဟု အမြင်ခံရနိုင်သည်။

(၁) စစ်ကောင်စီ၏ အနည်းငယ်မျှသော မိတ်ဆွေများအနက် တနိုင်ငံဖြစ်သည်ဟု အမြင်ခံရခြင်းကြောင့် NLD အစိုးရခေတ်က ခက်ခက်ခဲခဲရထားသည့် ဆက်ဆံရေးတိုးတက်မှုများ၊ အပြန်အလှန် နားလည်မှုများနှင့် မကြာသေးမီက ရရှိထားသည့် ဖြစ်ပေါ်တိုးတက်မှုများကို အကြီးအကျယ် ထိခိုက်နစ်နာစေသည်။ ပိုမိုဆိုးရွားသည်မှာ လက်ရှိအခြေအနေသည် တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ်များ ပြန်လည်နိုးထနေသော အခြေအနေဖြစ်ပြီး မြန်မာပြည်သူများက စစ်အုပ်စုအပေါ်မုန်းတီးမှုတွင် အမြစ်တွယ်နေသည်။

ထိုအမုန်းတရားသည် စစ်အုပ်စု အုပ်ချုပ်သည့် ဆယ်စုနှစ်များစွာအတွင်း ခံစားခဲ့ရသည့် ဆင်းရဲနွမ်းပါးမှုများနှင့် ဖိနှိပ်မှုများမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ စစ်အုပ်စုကို အကာအကွယ်ပေးသည့် တရုတ် အခန်းကဏ္ဍသာမက တရုတ်သည် စစ်အုပ်စုကို ထောက်ခံကာကွယ် ချစ်ကြည်ရင်းနှီးသည်ဟု စစ်အုပ်စု ဝါဒဖြန့်ချိနေခြင်းသည် တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ်ကို ပိုမိုဆိုးရွားစေသည်။

(၂) စစ်ကောင်စီတပ်များက ပိုမို ရက်စက်ကြမ်းကြုတ်လာခြင်းကြောင့် မြန်မာပြည်သူများနှင့် စစ်ကောင်စီ တပ်များအကြား ယုံကြည်မှု ပိုမိုကင်းမဲ့လာပြီး ထိုအခြေအနေကို မြင်နိုင်သည့် အနာဂတ်တွင် ပြုပြင်ရန် မဖြစ်နိုင်တော့ပေ။

(၃) တရုတ်၏ နယ်စပ်ဒေသ လုံခြုံတည်ငြိမ်ရေးနှင့် မြန်မာ့စီးပွားရေး တိုးတက်မှုသည် ကာလလတ်အတွင်း အရေးကြီးသော်လည်း လက်ရှိ ပဋိပက္ခလျှော့ချရန် စီးပွားရေး တိုးတက်မှုအတွက် စစ်ကောင်စီနှင့် ထိတွေ့ဆက်ဆံခြင်းသည် အကျိုးမရှိဘဲ ပဋိပက္ခကိုသာ ပိုမိုရှည်ကြာစေမည်သာ ဖြစ်သည်။ နိုင်ငံရေးအခြေအနေကို မဖြေရှင်းဘဲ စီးပွားရေးပြဿနာများကို မဖြေရှင်းနိုင်ပေ။

(၄) ထိုကဲ့သို့သော စီးပွားရေးအရ ဆက်ဆံမှုသည် စစ်ကောင်စီကို ပိုမိုအတင့်ရဲစေပြီး အင်အားရှိစေမည်သာ ဖြစ်ကာ မြန်မာပြည်သူများသည် ဆက်လက်ဒုက္ခခံစားရပြီး ရေတိုနှင့် ရေရှည်တွင် စီးပွားရေးအရ နိုင်ငံရေးအရ မည်သည့်အကျိုးကျေးဇူးမျှ ခံစားရမည် မဟုတ်ပေ။

(၅) တရုတ်နိုင်ငံသည် စစ်ကောင်စီဘက်က ရပ်မည် သို့မဟုတ် ကြားနေမည်ကို ရွေးချယ်နိုင်သည်။ ထို ရွေးချယ်မှု ၂ ခုလုံးသည် တရုတ်နှင့် မြန်မာနှစ်နိုင်ငံစလုံးအတွက် ဆိုးရွားသော အကျိုးဆက်များကို ဖြစ်စေမည်ဖြစ်သည်။

ထိုရွေးချယ်စရာများအနက် မည်သည်ကို ရွေးချယ်သည်ဖြစ်စေ ခုခံရေး အင်အားစုများ အနိုင်ရပါက မြန်မာနိုင်ငံတော်သစ်နှင့် ပြည်သူများက ၎င်းတို့ အကူအညီ လွန်စွာလိုအပ်နေသည့် အချိန်တွင် မသိချင်ယောင်ဆောင်နေသည့် သစ္စာမရှိသော မိတ်ဆွေအဖြစ် တရုတ်ကို မြင်မည်ဖြစ်သည်။ စစ်ကောင်စီ အနိုင်ရပါက အခြေအနေ ပိုမိုဆိုးရွားမည်ဖြစ်သည်။

သမိုင်းဝင်သည့် စစ်အုပ်ချုပ်ရေး အမှောင်ခေတ်နှင့် ပတ်သက်နေပြီး ရှည်ကြာစွာ တည်ရှိနေသည့် တရုတ်ဆန့်ကျင်ရေးစိတ်ဓာတ်သည် အနာဂတ် တရုတ်-မြန်မာဆက်ဆံရေးကို အကြီးအကျယ် ထိခိုက်စေမည်ဖြစ်ပြီး တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှု လိုအပ်နေသည့် ဒေသတွင် ရှည်ကြာသော ပဋိပက္ခ ပေါ်ပေါက်လာမည် ဖြစ်သည်။

(၆) တရုတ်နိုင်ငံသည် ပြည်သူများနှင့် ခုခံရေး အင်အားစုနှင့် ရပ်တည်နိုင်သည်။ တရုတ်က မြန်မာပြည်သူများကို ထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ မြန်မာပြည်သူများက စစ်အုပ်စု တရားဝင်နိုင်ငံရေး အဖွဲ့အစည်းအဖြစ် လက်ခံမည် မဟုတ်ပေ။ ထိုသို့လက်မခံခြင်းမှာ ပဋိပက္ခနှင့် သွေးကွဲမှုများကိုဖြစ်စေပြီး နိုင်ငံကို ဆယ်စုများစွာ ကျဆုံးအောင် လုပ်သည့် သမိုင်းနှင့် နိုင်ငံမှ ပြည်သူအများစုကို ဆင်းရဲနွမ်းပါးသွားစေသည့် စီးပွားရေး စီမံခန့်ခွဲမှု သမိုင်းများကြောင့်ဖြစ်သည်။

*ပြည်သူများသည် ဆင်းရဲမည် သို့မဟုတ် သတ်ဖြတ်ခံရနိုင်သည်၊ သို့မဟုတ် စစ်တပ်၏ နိုင်ငံရေးအခန်းကဏ္ဍကို အပြီးတိုင် အဆုံးသတ်လိုက်ရန်သာ ရှိတော့သည်*

လွန်ခဲ့သောနှစ်က အာဏာသိမ်းပြီးနောက် ကျွမ်းကျင်မှုကင်းမဲ့သော လွန်စွာ အကျင့်ပျက်ခြစားသည့် စစ်အုပ်စုသည် လက်နက်မဲ့များကို စစ်အုပ်ချုပ်ရေးအောက်တွင် သတ်ဖြတ်နေသောကြောင့် ပြည်သူများသည် ရွေးချယ်စရာ အနည်းငယ်သာ ရှိတော့သည်။ ပြည်သူများသည် ဆင်းရဲမည် သို့မဟုတ် သတ်ဖြတ်ခံရနိုင်သည်၊ သို့မဟုတ် စစ်တပ်၏ နိုင်ငံရေးအခန်းကဏ္ဍကို အပြီးတိုင် အဆုံးသတ်လိုက်ရန်သာ ရှိတော့သည်။

မည်သည့် အတင်းအကျပ်လုပ်သည့် အစီအစဉ်မဆိုသည် လက်ရှိပဋိပက္ခကို ပိုမိုဆိုးရွားစေမည်ဟု တရုတ်က ထင်နိုင်သော်လည်း မြန်မာပြည်သူများကို ထောက်ခံသည့် ရွေးချယ်မှုသည် တရုတ်အတွက် အကျိုးကျေးဇူးပိုမို ရနိုင်ပြီး မြန်မာနိုင်ငံတွင် တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေး ပြန်လည်ထိန်းသိမ်းရန်လည်း ပိုမိုထိရောက်မည် ဖြစ်သည်။

ပထမဆုံးအချက်မှာ မြန်မာစစ်တပ်သည် မြန်မာနိုင်ငံသို့ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးကို ဆောင်ကျဉ်း မပေးနိုင်ကြောင်း နှစ်ပေါင်း ၇၀ ကျော်ကြာ ပြည်တွင်းစစ်က ပြသနေသည်။ ထို့ကြောင့် နယ်စပ်ဒေသ လုံခြုံတည်ငြိမ်ရေးဆိုသည့် တရုတ်၏ သေနင်္ဗျူဟာ အကျိုးစီးပွားကို အပြင်းအထန် ထိခိုက်စေသည်။

ဒုတိယအချက်မှာ တရုတ်က သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စစ်ကောင်စီသည် ကုလသမဂ္ဂနှင့် ပိုမိုကျယ်ပြန့်သည့် နိုင်ငံတကာ အသိုက်အဝန်းမှ အကာအကွယ် ရစေရန်၊ ၎င်း၏ သံတမန်ရေးနှင့် စစ်ရေးအနေအထားကို တောင့်တင်းစေရန် တရုတ်ကို သံတမန်ရေးနှင့် စစ်ရေး အကာအကွယ်အဖြစ် အသုံးပြုနေသည်။ တရုတ်၏ ကာကွယ်မှုသည် စစ်ကောင်စီကို ပိုမိုအတင့်ရဲစေပြီး လက်ရှိ ပဋိပက္ခကို ပိုမို ဆိုးရွားစေသည်။

တရုတ်၏ အကာအကွယ်ကို ဖယ်ရှားလိုက်ပါက မြန်မာနိုင်ငံသည် ကြီးမားသော ဖိအားနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး သံတမန်ရေးနှင့် စစ်ရေးနယ်ပယ်တွင် ၎င်းတို့တဖွဲ့တည်းဖြင့် အနိုင်ရတော့မည် မဟုတ်ကြောင်း သဘောပေါက်လာမည် ဖြစ်သည်။ ထို့ကြောင့် စစ်ကောင်စီကို အကာအကွယ် ရုတ်သိမ်းခြင်းသည် စစ်ကောင်စီကို စေ့စပ်ညှိနှိုင်းရေး စားပွဲဝိုင်းသို့လာအောင် လုပ်ရာတွင် အခြားနည်းလမ်းများထက် ပိုမိုထိရောက်သည့် နိုင်ငံရေးကိရိယာနှင့် သေနင်္ဗျူဟာ ဖြစ်သည်။

*တရုတ်၏ နယ်စပ်ဒေသ ရေရှည် လုံခြုံတည်ငြိမ်းရေးအတွက် ယခုကဲ့သို့ အရေးကြီးအချိန်တွင် မြန်မာပြည်သူများနှင့် ပြည်သူများက ထောက်ခံသော အရပ်သားအစိုးရနှင့် ကောင်းမွန်သော ဆက်ဆံရေး ထူထောင်ခြင်းသည် မြန်မာနိုင်ငံအနာဂတ်အတွက် အရေးအပါဆုံး ဖြစ်နေသည်*

တတိယအချက်မှာ တရုတ်၏ နယ်စပ်ဒေသ ရေရှည် လုံခြုံတည်ငြိမ်ရေးအတွက် ယခုကဲ့သို့ အရေးကြီးချိန်တွင် မြန်မာပြည်သူများနှင့် ပြည်သူများက ထောက်ခံသော အရပ်သားအစိုးရနှင့် ကောင်းမွန်သော ဆက်ဆံရေး ထူထောင်ခြင်းသည် မြန်မာနိုင်ငံအနာဂတ်အတွက် အရေးအပါဆုံး ဖြစ်နေသည်။

ထို့ကြောင့် လက်ရှိအခြေအနေသည် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော အုပ်ချုပ်ရေးကို ခုခံမှုအတွင်း မြန်မာပြည်သူများအား ထောက်ခံခြင်းဖြင့် မြန်မာပြည်သူများနှင့် ဆက်ဆံရေး ထူထောင်ရန်၊ တည်ငြိမ်မှုကို အလျင်အမြန် ပြန်လည်ထိန်းသိမ်းရန်နှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေး ထူထောင်ရန် တရုတ်အတွက် သမိုင်းဝင်အခွင့်အလမ်းကို ဖန်တီးပေးသည်။

မြန်မာနိုင်ငံတွင် တည်ငြိမ်မှု အလျင်အမြန်ပြန်လည်ထိန်းသိမ်းခြင်းသည် တရုတ်၏ နယ်စပ်ဒေသ တည်ငြိမ်လုံခြုံရေးနှင့် ရည်မှန်းချက်ကြီးမားသည့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံ CMEC ၊ ရပ်ဝန်းနှင့် လမ်း BRI အစီအစဉ်များအတွက် သိသိသာသာ အကျိုးဖြစ်ထွန်းစေသည်။ မြန်မာပြည်သူများ အမှန်တကယ် လိုလားသော အရာအတွက် တရုတ်နိုင်ငံက ထောက်ခံခြင်းကို ကျေးဇူးတင်စွာ အမှတ်ရနေကြမည်ဖြစ်ပြီး လာမည့်နှစ်များအတွင်း အောင်မြင်သော စီးပွားရေးနှင့် သံတမန်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် မျိုးစေ့ချပေးလိုက်ခြင်းလည်း ဖြစ်မည်။

*(ခင်ဦးသည် အများပြည်သူ မူဝါဒနှင့် မြန်မာ နိုင်ငံရေးဘောဂဗေဒ သုတေသီတဦး၏ ကလောင်အမည်ဖြစ်သည်။ ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ Junta's Use of China as a Shield Aggravates the Conflict in Myanmar ကို ဘာသာပြန်ဆိုထားပါသည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/02/24/250125.html

---

**စစ်ကောင်စီကို လေယာဉ်ဆီရောင်းတာ ပိတ်ပင်ဖို့နဲ့ စွမ်းအင်လုပ်ငန်းပေါ်အရေးယူဖို့ လူ့အခွင့်အရေးအဖွဲ့တွေ တောင်းဆို**

24 ဖေဖေါ်ဝါရီ ၊ 2022

မြန်မာစစ်ကောင်စီကို လေယာဉ်ဆီရောင်းတာ ပိတ်ပင်ဖို့နဲ့ နိုင်ငံပိုင်စွမ်းအင်ဌာနကို အမြန်ဆုံးပိတ်ဆို့ဒဏ်ခတ်ဖို့ လူ့အခွင့်အရေးအဖွဲ့တွေက တောင်းဆိုလိုက်ပါတယ်။

မြန်မာစစ်ကောင်စီတပ်တွေအနေနဲ့ အတိုက်အခံတွေအပေါ် လေကြောင်းက တိုက် ခိုက်နေတာမို့ လေယာဉ်ဆီတင်ပို့တာ ရပ်တန့်ဖို့နဲ့ မြန်မာ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ လုပ်ငန်းအပေါ် လက်တွေ့ ဒဏ်ခတ်အရေးယူဖို့လည်း နိုင်ငံတကာအစိုးရတွေကို တောင်းဆိုလိုက်တာပါ။

TOTAL နဲ့ Chevron တို့အပါအဝင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးတွေ မြန်မာနိုင် ငံက ထွက်ခွာမယ်လို့ ကြေညာအပြီးမှာ Human Rights Watch လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၊ Burma Campaign UK နဲ့ Justice for Myanmar စတဲ့ အဖွဲ့တွေရဲ့ အခုလို တောင်းဆိုမှုအပေါ် အာရုံစိုက်မှုပိုရလာနေပါတယ်။

မကြာသေးခင်ကပဲ ဗြိတိန်အစိုးရက မြန်မာစစ်ကောင်စီတပ်ဖွဲ့တွေရဲ့တိုက်ခိုက်မှု တွေမှာ အသုံးပြုနိုင်တဲ့ပစ္စည်းတွေ တင်ပို့တာကို ကုမ္ပဏီတွေဘက်က ရပ်တန့်ပေးဖို့ တောင်းဆိုထားပေမယ့် ဘယ်အစိုးရကမှတော့ အမိန့်အဖြစ် မထုတ်ပြန်သေးပါဘူး။

ခုလိုအချိန်မှာ ဥရောပသမဂ္ဂ (EU) အနေနဲ့ မြန်မာစစ်တပ်နဲ့ မြန်မာ့ရေနံနဲ့သဘာဝဓါတ်ငွေ့လုပ်ငန်းကို ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုအသစ်တွေ ချမှတ်ထားတာကို အကောင်အထည်ဖော်သင့်ပြီလို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW က ဒီနေ့ တောင်းဆိုလိုက်ပါတယ်။

ဒါ့အပြင် EU ကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံကနေ ပြန်လည်ရုပ်သိမ်းတဲ့အခါမှာလည်း မြန်မာစစ်တပ်ကို အကျိုးအမြတ် မဖြစ်စေဖို့ ဒဏ်ခတ်ပိတ်ဆို့မှု စည်းမျဉ်းတွေနဲ့ အညီ လိုက်နာအောင် EU ဘက်က ကြိုးကြပ်လုပ်ဆောင်သင့်တယ်လို့လည်း တိုက် တွန်းထားပါတယ်။

EU က ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၁ ရက်နေ့က မြန်မာစစ်တပ်တာဝန်ရှိသူတွေအပါအဝင် စစ်တပ်နဲ့ဆက်နွယ်နေတဲ့ ခရိုနီတွေ နဲ့ MOGE အပါအဝင် စစ်တပ်ကထိန်းချုပ် ထားတဲ့ စီးပွားရေးလုပ်ငန်းတွေကို ဒဏ်ခတ်ပိတ်ဆို့မှုအသစ်တွေကို ချမှတ်ခဲ့တာဖြစ်ပါတယ်။

အသစ်ချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကြောင့် စွမ်းအင်ကုမ္ပဏီ အတော်များများဟာ မြန်မာနိုင်ငံမှာလုပ်နေတဲ့ သူတို့ရဲ့လုပ်ငန်းတွေကို ရပ်ဆိုင်းဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါပေမယ့်လည်း အခုလို ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်လိုက်တဲ့အတွက် ကုမ္ပဏီတွေအနေနဲ့ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို MOGE နဲ့ ဒဏ်ခတ်ပိတ်ဆို့မှုမှာမပါဝင်တဲ့ တခြား ကုမ္ပဏီတွေကို လွှဲပြောင်းပေးသွားမှာကိုလည်း စိုးရိမ်မှုတွေ တိုးလာနေပါတယ်။

အဲဒီလိုသာ MOGE ကို လွှဲပြောင်းပေးခဲ့မယ်ဆိုရင် မြန်မာစစ်တပ်ကို ပိုပြီးတော့ ကြွယ်ဝချမ်းသာစေပြီး ခိုင်မာ အားကောင်းစေမှာ ဖြစ်တယ်လို့ HRW အဖွဲ့ရဲ့ အာရှရေးရာဆိုင်ရာ ညွှန်ကြားရေးမှူး John Sifton က ပြောပါတယ်။

ဒါ့အပြင် အမေရိကန်၊ ဗြိတိန်၊ နော်ဝေး၊ ဂျပန်၊ ထိုင်း၊ တောင်ကိုရီးယား၊ ဩစတြေးလျနဲ့ တခြားနိုင်ငံတွေအနေနဲ့ အလားတူ အရေးယူမှုတွေကို အမြန်ဆုံးလုပ်ဆောင်သင့်တယ်လို့ ဒီ လူ့အခွင့်အရေးအဖွဲ့တွေက တောင်းဆိုလိုက်ပါတယ်။

https://burmese.voanews.com/a/whatishappeninginmyanmar-myanmarmilitarycoup-myanmaroilandgas-voaburmese-စစ္အာဏာသိမ္းမႈ-ေရနံနဲ႔သဘာ၀ဓာတ္ေငြ႔-ၿပီအိုေအျမန္မာပိုင္း-/6457118.html

------------------------------------------------------------------------------------------------

## ICJ မှာ စစ်ကောင်စီက ခုခံချေပခွင့်ရနေတဲ့အပေါ် နိုင်ငံတကာဥပဒေပညာရှင်အမြင်

24 ဖေဖော်ဝါရီ ၊ 2022

ICJ တရားရုံးမှာ ဂမ်ဘီယာကစွဲတင်ထားတဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့အမှုနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံကိုယ်စားပြုပြီး စစ်ကောင်စီ ထွက်ဆိုခြင်းအားဖြင့် သူ့ကို တရားဝင်အစိုးရအဖြစ် သတ်မှတ်လိုက်တယ်လို့ မြင်လို့မရကြောင်း နိုင်ငံတကာ ဥပဒေပညာရှင် Michael Becker ကသုံးသပ်ပါတယ်။

ICJ နိုင်ငံတကာတရားရုံးက ဖေဖော်ဝါရီလ ၂၁-၂၈ ရက်နေ့ထိကြားနာပွဲမှာ စစ်ကောင်စီကို ဘာကြောင့် ထွက်ဆိုခွင့်ပေးခဲ့သလဲ။ လက်ရှိ ICJ မှာထွက်ဆိုခွင့်ရဖို့ ကြိုးပမ်းနေတဲ့ အတိုက်အခံ NUG အမျိုးသားညီညွတ်ရေးအစိုးရရဲ့ အခန်းကဏ္ဍ ဘယ်လိုဆက်ရှိမလဲ။ ဆက်သွယ်မေးမြန်းထားတဲ့ မအင်ကြင်းနိုင်က ဆက်လက်တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံကိစ္စမှာ အာဏာသိမ်းခဲ့တဲ့အတွက် အခြေအနေတွေ အပြောင်းအလဲဖြစ် သွားတော့ ICJ နိုင်ငံတကာတရားရုံးအနေနဲ့ စိန်ခေါ်မှုတွေရှိနေတယ်လို့ သုံးသပ်ချက်တွေ ရှိပါတယ်။ အဲဒီထဲမှာ မြန်မာပြည်သူအများစု စိုးရိမ်နေတာက အခုလို ICJ နိုင်ငံတကာတရားရုံးမှာ စစ်ကောင်စီကိုယ်စားလှယ်အဖွဲ့ကို လျှောက်လဲချေပခွင့်ပြုခဲ့တာဟာ စစ်ကောင်စီကို တရားဝင်အဖြစ် အသိအမှတ်ပြုရာရောက်မလားဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ မြန်မာ့အရေးကျွမ်းကျင်သူ နိုင်ငံတကာ ဥပဒေပညာရှင် Michael Becker ရဲ့အမြင်ကတော့-

“ဒီအချက်ကို လွန်ခဲ့တဲ့နှစ် အာဏာသိမ်းလိုက်ကတည်းက လူအတော်များများ စိုးရိမ်ပူပန်ခဲ့ကြတာဖြစ်ပါတယ်။ အာဏာသိမ်းခင်မတိုင်ခင်လေးမှာ ကန့်ကွက်ချက်တွေကို မြန်မာဘက်က တရားရုံးကို တင်သွင်းခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လများစွာအတွင်းကဆိုရင် တကယ်လို့ ICJ က အမှုကို ဆက်ပြီး ကိုင်တွယ်မယ်ဆိုရင် မြန်မာနိုင်ငံကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်အတွက် စစ်ကောင်စီကိုပဲ ခွင့်ပြုမလားဆိုတာ မသေမရေရာမှုတွေရှိခဲ့တာပါ။ တချို့သူတွေကလည်း နိုင်ငံတကာစာမျက်နှာမှာ မြန်မာနိုင်ငံကို ဘယ်သူ တရားဝင်ကိုယ်စားပြုသလဲဆိုတဲ့ နိုင်ငံရေးအရ ဆုံးဖြတ် ချက်မျိုး တစုံတရာမရှိမချင်း ICJ တရားရုံးအနေနဲ့အမှုကို ဆိုင်းငံ့ထားဖို့ ဆွေးနွေးခဲ့ကြပါတယ်။ တချို့သူတွေကလည်း NUG အမျိုးသားညီညွတ်ရေးအစိုးရပဲ တရားရုံးမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုသင့်တယ်လို့ ဆွေးနွေးခဲ့ကြတာပါ။ NUG ကိုယ်တိုင် လည်း ပြီးခဲ့တဲ့ သီတင်းပတ်အနည်းငယ်ကပဲ ကြေညာချက်ထုတ်ပြီး မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့် ကို အခိုင်အမာပြောဆိုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ဒီအခြေအနေနဲ့ ပတ်သက်ရင် ထင်ထင်ရှားရှားဖြစ်နေတာကတော့ တရားရုံးက အမှုကို စစ်ကောင်စီကိုယ်စားလှယ်အဖွဲ့နဲ့ ဆက်ပြီးသွားဖို့ ဆုံးဖြတ်ချက်ချပြီးသားလို့ ကျနော်ထင်ပါတယ်။

ဒါပေမယ့်လည်း ICJ တရားရုံး ကြားနာပွဲပထမဆုံးနေ့က အဖွင့်စကားပြောကြားခဲ့တဲ့ တရားရုံးဥက္ကဋ္ဌ တရားသူကြီး Joan Donoghue ဂျွန်ဒါနီရဲ့ မိန့်ခွန်းမှာ ဒီအငြင်းပွားဖွယ်ရာကိစ္စကို ဖြေရှင်းလိမ့်မယ်လို့ တချို့က မျှော်လင့်ခဲ့ကြပါတယ်။ အများမျှော်လင့်ထားသလို ရှင်းရှင်းလင်းလင်းပြောသွားတာ မျိုးမရှိခဲ့ပေမယ့် သူမိန့်ခွန်းအစပိုင်းမှာပဲ ပြောသွားတဲ့အချက်က- နိုင်ငံတကာတရားရုံးရှေ့မှောက် အငြင်းအခုံဖြစ်တဲ့ အမှုတွေဟာ နိုင်ငံအချင်းချင်းသာဖြစ်ပြီး အထူးသဖြင့် အစိုးရအချင်းချင်းမဟုတ်ဘူးလို့ သူက ထောက်ပြခဲ့ပါတယ်။ ဒါဟာ တရားရုံးမှာ မြန်မာနိုင်ငံအတွက် ဘယ်သူ ကိုယ်စားပြုသင့်သလဲဆိုတဲ့ကိစ္စကို စိတ်ဝင်စားပြီး အရမ်းစိုးရိမ်နေကြတဲ့ သက်ဆိုင်သူအသီးသီးကို အချက်ပြလိုက်တာပဲလို့ Michael Becker ကမြင်ပါတယ်။

“သူပြောတာကို ကျနော်နားလည်သလောက်ဆိုရင် အခုတရားရုံးမှာ စစ်ကောင်စီက ကိုယ်စားပြုထွက်ဆိုနေတယ်ဆိုတဲ့အခြေအနေဟာ ဒီထက်ကျော်လွန်ပြီး ကျယ်ပြန့်တဲ့ အကျိုးသက်ရောက်မှုရှိမနေပါဘူး။ ဒီအမှုကို တရားရုံးက ရှေ့ဆက်ဆောင်ရွက်ဖို့ လုပ်နေတာသာဖြစ်တယ်လို့ ကျနော်မြင်ပါတယ်။ ဒါပေမယ့်လည်း တချို့လူတွေစိုးရိမ်နေကြသလို စစ်ကောင်စီကိုတရားဝင်အဖြစ် တနည်းနည်းနဲ့ နိုင် ငံတကာအစိတ်အပိုင်းတခုခု ဒါမှမဟုတ် ကုလသမဂ္ဂရဲ့ အခြားအစိတ်အပိုင်းတွေက အသိအမှတ်ပြုရာရောက်သွားမလားဆိုတဲ့အချက်ကလည်း မှန်ပါတယ်။ ဒီနေ ရာမှာကျနော့်အမြင့်ကတော့ သက်ရောက်ဖို့ အကြောင်းမရှိပါဘူး။ ICJ မှာ စစ်ကောင်စီက ကိုယ်စားပြုထွက်ဆိုခြင်းအားဖြင့် သူဟာ နိုင်ငံတကာမှာ အလိုအလျောက်တရားဝင်ဖြစ်သွားတယ်လို့ မမြင်ပါဘူး။ ကုလသမဂ္ဂအထွေထွေညီလာခံမှာ ဆိုရင်လည်း မြန်မာနိုင်ငံရဲ့ တရားဝင်ကိုယ်စားလှယ်နေရာအတွက် ဘာဆုံးဖြတ်ချက်မှ မချရသေးပါဘူး။ ရပ်တန့်နေဆဲပါ။ Credential Committee ရဲ့မနှစ်က အစည်းအဝေးမှာဆိုရင်လည်း ဆုံးဖြတ်ချက်ချဖို့ ရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်နေရာအတွက် စစ်ကောင်စီရဲ့ ကြိုးပမ်းချက်ကို ယာယီပယ်ချခဲ့သလို လက်ရှိ သံအမတ်ကြီး ဦးကျော်မိုးထွန်းကိုပဲ ဆက်လက်ထားရှိခဲ့တာပါ။ ဒါကြောင့် အခု ICJ တရားရုံးမှာ စစ်ကောင်စီက မြန်မာနိုင်ငံကို ကိုယ်စားပြုတယ်ဆိုတဲ့နေရာမှာ အခြားနိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဒါမှမဟုတ် ကုလသမဂ္ဂ လက်အောက်ခံ အခြားအဖွဲ့အစည်းတွေ၊ အခြားနိုင်ငံတွေအပေါ်မှာ သက်ရောက်မှုမရှိဘူးလို့ ကျနော်မြင်ပါတယ်။”

အင်ကြင်းနိုင်။ ။ ဒါဆိုရင် အခု ICJ က ကိုင်တွယ်နေတဲ့ ဂမ်ဘီယာနဲ့ မြန်မာအမှု အလားအလာ ဘယ်လိုရှိမလဲ။ NUG ကတော့ သူတို့သာကိုယ်စားပြုမယ်ဆိုရင် အခုလို မြန်မာဘက်က ကန့်ကွက်ထားတာတွေကို ရုပ်သိမ်းမှာဖြစ်ပြီး တရားရုံးနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်တယ်လို့ ပြောထားပါတယ်။ ICJ ကိစ္စမှာ NUG အခန်းကဏ္ဍ ဘယ်လိုမြင်လဲ။

Michael Becker ။ ။ NUG ပြောထားတဲ့ တကယ်လို့ မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့် ရရင် ဒီကန့်ကွက်မှုတွေကို ရုပ်သိမ်းပြီး တရားရုံးအနေနဲ့ အမှုကို ဆက်ပြီးဆောင် ရွက်ခွင့်ပြုမှာဖြစ်တယ်ဆို တဲ့အချက်က တကယ်တမ်းမှာတော့ အဓိပ္ပါယ်မရှိဘူးလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် တရားရုံးက စစ်ကောင်စီကို ကိုယ်စားပြုထွက် ဆိုခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒါကြောင့် စစ်ကောင်စီရဲ့ ကန့်ကွက်ချက်တွေကို တရားရုံးကကြားနာပါလိမ့်မယ်။ ဒီကိစ္စမှာ ပြဿနာမရှိဘူးလို့ ကျနော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

တရားရုံးအနေနဲ့ ဒီအမှုကို တရားစီရင်ပိုင်ခွင့်ရှိမရှိဆိုတာ မှန်မှန်ကန်ကန်ဆုံးဖြတ်ရမှာပါ။ ဒါကြောင့် NUG အမျိုးသားညီညွတ်ရေးအစိုးရက ဒီကန့်ကွက်မှုတွေကို ရုတ်သိမ်းမယ်ဆိုရင်တောင် ICJ တရားရုံးအနေနဲ့ ဥပဒေလုပ် ထုံးလုပ်နည်းနဲ့ ညီမညီ သေချာအောင်ဆောင်ရွက်ပြီးမှ လုပ်ဆောင်မယ်လို့ ကျနော်မြင်ပါတယ်။ တကယ်လို့များ နောက်ဆုံးမှာ တရားရုံးက စစ်ကောင်စီရဲ့ ကန့်ကွက်ချက်တွေကို ပယ်ချခဲ့မယ်ဆိုရင် ဂမ်ဘီယာကတင်ထားတဲ့ ဂျီနိုဆိုက် သဘောတူစာချုပ်ကို မြန်မာက ချိုးဖောက်ခြင်းရှိမရှိဆိုတဲ့ အမှုစွဲဆိုချက်ကို ဆက်လက်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ စစ်ဆေးသွားမှာဖြစ်ပါတယ်။

အင်ကြင်းနိုင်။ ။ ဒါပေမယ့် တဘက်မှာလည်း NUG က ဥပဒေအကျိုးဆောင်အဖွဲ့ ဖွဲ့စည်းပြီးတော့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီး ဦးကျော်မိုးထွန်းကို ICJ တရားရုံးမှာ ထွက်ဆိုခွင့်ရရေး ကြိုးပမ်းနေဆဲဖြစ်ပါတယ်။ ဒီအပေါ်မှာ ဘယ်လိုမြင်လဲရှင့်။

Michael Becker ။ ။ ICJ တရားရုံး ကိစ္စနဲ့ ပတ်သက်ရင် အကောင်းဆုံးနည်းလမ်းကတော့ NUG အနေနဲ့ ဂမ်ဘီယာနိုင်ငံနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ တရားရုံးမှာ မြန်မာနိုင်ငံအတွက် ကိုယ်စားပြုဖို့ ကြိုးပမ်းနေမယ့်အစား ဂမ်ဘီယာရဲ့ စွဲဆိုချက်တွေနဲ့ ပတ်သက်လုိ သူတို့ ဥပဒေအကျိုးဆောင်အဖွဲ့ကို အချက်အလက်တွေ ကူညီပံ့ပိုးသင့်ပါတယ်။ ဥပမာ- ငါတို့မှာ သက်ဆိုင်တဲ့ အချက်အလက်တွေ၊ သက်သေအထားတွေရှိနေတယ်။ ငါတို့ထွက်ဆိုချက်တွေကို ICJ တရားရုံးရှေ့မှောက် မှတ်တမ်းတင်အောင် ငါတို့ကို သက်သေအဖြစ် တရားရုံးကို ခေါ်ပါ။ ဒီလိုလုပ်တဲ့အခါမှာလည်း အခက်အခဲတွေအများကြီးရှိနိုင်ပါတယ်။ ဒီလိုလုပ်ဖို့ လည်း သတ္တိအများကြီးရှိဖို့လိုပါတယ်။ တချို့ကိစ္စတွေမှာ လူတွေအတွက် အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ တကယ့်ကို လေးလေးနက်နက် သတိထားဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့် ICJ ကိစ္စမှာ NUG ပဲဖြစ်ဖြစ် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီးပဲဖြစ်ဖြစ် လုပ်နိုင်တဲ့ အခင်းအကျင်းက ဂမ်ဘီယာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းပဲလို့ ကျနော်မြင်ပါတယ်။

Michael Becker ဟာ ICJ နိုင်ငံတကာတရားရုံးမှာ ၂၀၁၀- ၂၀၁၄ခုနှစ်ထိ လက်ထောက် ဥပဒေအရာရှိအဖြစ် လေးနှစ်ကြာလုပ်ခဲ့သူဖြစ်ပြီး မြန်မာကို အခြားနိုင်ငံတနိုင်ငံက လူမျိုးတုံး သတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်နဲ့ပတ်သက်ပြီး ICJ တရားရုံးမှာ အမှုဖွင့်တရားစွဲနိုင်တဲ့ အလားအလာဆိုတဲ့ ခေါင်းစဉ်နဲ့ စာတမ်းကို ၂၀၁၈ ခုနှစ်က ရေးသားပြုစုခဲ့သူလည်းဖြစ်ပါတယ်။ အခုလက်ရှိ အိုင်ယာလန်နိုင်ငံ Dublin က Trinity ကောလိပ် ဥပဒေဘာသာရပ်ဌာန လက်ထောက်ပါမောက္ခဖြစ်ပါတယ်။

https://burmese.voanews.com/a/icj-myanmargenocide-rohingya-ingyinnaing-voaburmese-ႏုိင္ငံတကာတရားဝံုး-လူမ်ိဳးတုံးသတ္ျဖတ္မႈ-ဝိုဟင္ဂ်ာ-အင္ၾကင္းႏုိင္-ဗီြအိုေအျမန္မာပိုင္း-/6456956.html

---------------------------------------------------------------------------------------------------

## ယူကရိန်းကို ရုရှားကျူးကျော်တိုက်ခိုက်မှု မြန်မာစစ်ကောင်စီ ထောက်ခံပြောဆို

24 ဖေဖေါ်ဝါရီ ၊ 2022

ရုရှားက ယူကရိန်းကိုဝင်တိုက်တဲ့အပေါ် မြန်မာစစ်ကောင်စီက ထောက်ခံပြောဆိုပါတယ်။ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကို ဗွီအိုအေက သီးခြားဆက်သွယ်မေးမြန်းချိန်မှာ အခုလို ဖြေဆိုခဲ့တာပါ။

“နံပါတ် ၁ ကတော့ ဒီကိစ္စကတော့ ရုရှားနိုင်ငံအနေနဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေဖို့ လုပ်ဆောင်ခဲ့တဲ့၊ လုပ်ဆောင်သင့်တဲ့ လုပ်ဆောင်ချက်လို့ပဲ မြင်ပါတယ်။ နံပါတ် ၂ အနေနဲ့ကတော့ ရုရှားနိုင်ငံအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းညှိထားတဲ့ ကမ္ဘာ့ချိန်ခွင်လျှာညီမျှရေးမှာ အင်အားကြီးနိုင်ငံတခုအဖြစ် ရပ်တည်လျက်ရှိကြောင်း ကမ္ဘာကိုပြသခြင်းမြင်ပါတယ်။”

အချုပ်အခြာအာဏာပိုင် ယူကရိန်းနိုင်ငံကို ရုရှားကကျူးကျော်တိုက်ခိုက်တဲ့အပေါ် ကမ္ဘာတဝန်းဝေဖန်ရှုတ်ချပြီး အမေရိကန်နဲ့အနောက်နိုင်ငံအများအပြားက ရုရှားအပေါ် ဒဏ်ခတ်အရေးယူမှုတွေချမှတ်ထားချိန်မှာ မြန်မာစစ်ကောင်စီကတော့ ရုရှားရဲ့လုပ်ရပ်ကို ထောက်ခံပြောဆိုလိုက်တာဖြစ်ပါတယ်။

မြန်မာစစ်ဘက်နဲ့ ရုရှားစစ်ဘက်အကြား ခိုင်မာတဲ့ဆက်ဆံရေးရှိထားပြီး အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ ပြီးခဲ့တဲ့နှစ် ဇွန်လကပဲ ရုရှားနိုင်ငံကို သွားရောက်ခဲ့ပါသေးတယ်။ ဒါ့အပြင် နိုင်ငံတကာမျက်နှာစာမှာ စစ်ကောင်စီကို ရှားရှားပါးပါး ကာကွယ်ပြောဆိုတဲ့နိုင်ငံတွေထဲ ရုရှားဟာ အဓိကနိုင်ငံတခုဖြစ်ပါတယ်။

စစ်အာဏာသိမ်းအပြီး စစ်ကောင်စီကို လက်နက်ရောင်းချမှုပိတ်ပင်ပေးဖို့ ကုလသမဂ္ဂနဲ့ မြန်မာ့အရေးကျွမ်းကျင်သူတွေက ဆက်တိုက်တောင်းဆိုထားပေမယ့် ရုရှားဘက်ကတော့ ဆက်လက်ရောင်းချနေဆဲဖြစ်ပါတယ်။

https://burmese.voanews.com/a/ukraine-myanmarmilitary-russiainvasion-voaburmese-ယူကရိန[ ]ား-စစ[ ]ေကာင္စီ-0ုရွားက်ၲ်ားေက်ာ၁ူ္း-ဗီြအိုေအျမန္မာပိုင[ ]ား/6457132.html

---